ကလေးများအတွက်
ဆုတောင်းပဋိညာဉ်

ကျေးဇူးတော်
အဘဘုရား၊ ကျွန်ုပ်ကို ချစ်တော်မူသည့်အပြင်
ကိုယ်တော်၏ ရင်သွေးတဦး ဖြစ်ခွင့် ရသည့်အတွက်
ကျေးဇူးတော်ကို ချီးမွမ်းပါ၏။

ချစ်ခြင်းမေတ္တာ
ကိုယ်တော့်ကို ချစ်ပြီး မိန့်တော်မူသမျှအတိုင်း
နာခံလိုက်လျှောက်နိုင်စေရန် မစတော်မူပါ။

ကရုဏာတော်
ကိုယ်တော် ကျွန်ုပ်ကို ချစ်တော်မူသကဲ့သို့
အခြားသူများအပေါ် ချစ်နိုင်ရန် မစတော်မူပါ။

နောင်တရခြင်း
ကျွန်ုပ်၏ အပြစ်များအတွက် တောင်းပန်ပါ၏။ ကျွန်ုပ်ကို
သန့်ရှင်းစင်ကြယ်စေတော်မူပါ။

ချီးမွမ်းကိုးကွယ်ခြင်း
စိတ်နှလုံးပါလျက် ကိုယ်တော်ကို
ချီးမွမ်းထောမနာပြုပါမည်။

ဆက်ကပ်အပ်နှံခြင်း
သခင်ယေရှုဘုရား၊ ကိုယ်တော်သည် ကျွန်ုပ်၏ အရှင်သခင်
ဖြစ်တော်မူပါ၏။ ကျွန်ုပ် သွားရာလမ်းကို ပဲ့ပြင်တော်မူပါ။

ခိုလှုံကိုးစားခြင်း
ကျွန်ုပ်အတွက် ကိုယ်တော်၏ အကြံအစည်တော်များကို
သိရှိနားလည်နိုင်ရန် သန့်ရှင်းသော ဝိညာဉ်တော်ဖြင့်
ပြည့်ဝစေတော်မူပါ။

ပုံသက်သေပြခြင်း
ကိုယ်တော်၏ ကျေးဇူးတော်၊ သမ္မာတရားနှင့်
ဖြောင့်မတ်စွာ တရားစီရင်ခြင်းအတွက် ကျွန်ုပ်ကို
သံတမန်တဦး ဖြစ်စေတော်မူပါ။

တပည့်တော်ဖြစ်ခြင်း
ကိုယ်တော်၏ ဘုန်းတော်အတွက်၊ အခြားသူများ
ကိုယ်တော့်နောက်သို့ လိုက်လျှောက်စေရန်အတွက်
ကျွန်ုပ်ကို အသုံးပြုတော်မူပါ။

ပိုင်သအုပ်စိုးတော်မူခြင်း
သခင်ယေရှုဘုရား၏ နာမတော်မြတ်၌ ဆုတောင်းပါ၏။
အာမင်။

အတူတကွ သခင်ယေရှု၏ နောက်တော်သို့ လိုက်ခြင်း
theprayercovenant.org/children

အလွတ်ကျက်ရန် ကျမ်းချက်များ

ပျောက်သော သိုးဥပမာ ・ လု ၁၅:၁-၇ | ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်ခြင်းအခွင့်ကို ရမည့်အကြောင်း ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့။ –၁ ယော ၃:၁

အာဗြံဟံအကြောင်း ・ က ၁၂:၁-၅ | သင်၏ ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှနှင့် ချစ်လော့ဟူသော ပညတ်သည် ပထမပညတ်ဖြစ်၏။ ကြီးမြတ်သော ပညတ်လည်း ဖြစ်၏။ –မ ၂၂:၃၇၊ ၃၈

ကောင်းသော ရှမာရိ ・ လု ၁၀:၂၅-၃၇ | ငါ့ပညတ်ဟူမူကား ငါသည် သင်တို့ကို ချစ်သည့်နည်းတူ သင်တို့သည် အချင်းချင်း ချစ်ကြလော့။ –ယော ၁၅:၁၂

ဆိုးညစ်သောကျွန် ဥပမာ ・ မ ၁၈:၂၁-၃၅ | ဒုစရိုက်အညစ်အကြေးကို အကုန်အစင် ဆေးကြော၍ အကျွန်ုပ်ကို သန့်ရှင်းစေတော်မူပါ။ –ဆာ ၅၁:၂

ခရစ္စမတ်အကြောင်း ・ လု ၂:၁-၁၀ | အိုထာဝရဘုရား ကျွန်ုပ်သည် စိတ်နှလုံး အကြွင်းမဲ့ ကိုယ်တော်ကို ချီးမွမ်းပါမည်။ အံ့ဖွယ်သော အမှုတော်ရှိသမျှတို့ကို ပြညွှန်ပါမည်။ –ဆာ ၉:၁

ပေတရု၏ မပြည့်စုံခြင်း ・ လု ၂၂:၅၄-၆၂ | ငါ၌ ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ် ငြင်းပယ်ရမည်။ ကိုယ် လက်ဝါးကပ်တိုင်ကို နေ့တိုင်းထမ်း၍ ငါ့နောက်သို့ လိုက်ရမည်။ –လု ၉:၂၃

ဥပဇ္ဈာယ်ဆရာ ・ ယော ၁၄:၁၅-၃၁ | ဝိညာဉ်တော်နှင့် ပြည့်စုံလျက် ရှိကြလော့။ –ဧ ၅:၁၈ ခ

သခင်ယေရှုနှင့် ကလေးသူငယ်များ ・ မ ၁၈:၁-၆ | နှုတ်ကပတ်တော်သည်လည်း လူ့ဇာတိအဖြစ်ကို ခံယူ၍ ကျေးဇူးတော်နှင့်၎င်း၊ သစ္စာတော်နှင့်၎င်း ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍ ခမည်းတော်၌ တပါးတည်းသော သားတော်၏ ဘုန်းကဲ့သို့ သူ၏ ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။ –ယော ၁:၁၄

တာရှုမြို့သား ရှောလုမှ ပေါလု ဖြစ်သွားခြင်း ・ တ ၉:၁-၂၂ | သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကို ပေးကြလော့။ –မ ၂၈:၁၉

မျက်စိကန်းသော ဗာတိမဲ ・ မာ ၁၀:၄၆-၅၂ | ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အလွန် ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သော ဘွဲ့နာမကို ပေးသနားတော်မူ၏။ –ဖိ ၂:၉

တတိယအကြိမ်

လေ့ကျင့်ခန်းသစ်များဖြင့်
အသွင်အပြင်သစ်

ကလေးများအတွက်

ဆုတောင်းပဋိညာဉ်

မည်ကဲ့သို့ ဆုတောင်းရမည်ကို
ကလေးများအား သင်ကြားပေးခြင်း

ကန်ဒီ မာဘာယ်လီနှင့်
စတီဖင် အိုင်ရီ

သရုပ်ဖော် လုပ် **ဖလားဝါးစ်** | အမှာစကား **ဂျယ်ရီ ကာ့ခ်**

The Prayer Covenant Inc.
P.O. Box 40841
Cincinnati, OH 45240
www.theprayercovenant.org

Copyright © 2014 by Candy Marballi. All rights reserved.
©2018 The Prayer Covenant for Children/Games provided by GameLife77.com. All rights reserved.

All rights reserved. No part of this book may be produced by any means, electronic, mechanical, photocopying, scanning, or otherwise, without permission in writing from the publisher, except by a reviewer, who may quote passages in a review. The Prayer Covenant Card may be copied but not altered, edited, or amended and is also available online with free downloads at **www.theprayercovenant.org/children**.

Materials to supplement *The Prayer Covenant for Children* are available at www.theprayercovenant.org, including free multiple-language versions of *The Prayer Covenant Children prayer* cards, *The Prayer Covenant for Children* 24 page booklet and *The Prayer Covenant for Children Coloring Book*. Special discounts are available for bulk purchases.

Unless otherwise stated, biblical quotations are taken from THE HOLY BIBLE, NEW INTERNATIONAL VERSION®, NIV® Copyright © 1973, 1978, 1984, 2011 by Biblica, Inc.™ Used by permission. All rights reserved worldwide.

Burmese Translators: ဘာသာပြန်သူ – လုကာကျော်

Design by Sound Press and Granite Creative, inc

ISBN 978-0-9899525-8-3

Third Printing 2019
Printed in Mexico

မာတိကာ

ကလေးများ၏ ဆုတောင်းချက် ၁
ထောက်ခံချက်များ.. ၆
ရည်ညွှန်းစကား..၈
အမှာစကား...၉
မိတ်ဆက် ၁၀
သင်ခန်းစာနမူနာ.. ၁၂

ကျေးဇူးတော် ၁၈
ချစ်ခြင်းမေတ္တာ....................................၂၆
ကရုဏာတော်......................................၃၄
နောင်တရခြင်း......................................၄၂
ချီးမွမ်းကိုးကွယ်ခြင်း ၅၀
ဆက်ကပ်အပ်နှံခြင်း ၅၈
ခိုလှုံကိုးစားခြင်း ၆၆
ပုံသက်သေပြခြင်း................................... ၇၄
တပည့်တော်ဖြစ်ခြင်း ၈၂
ပိုင်သအုပ်စိုးတော်မူခြင်း..............................၉၀

ကျွန်ုပ်၏ ဆုတောင်းခြင်း ပဋိညာဉ် မှတ်တမ်း ၉၈
ရောင်စုံခြယ်ရန် ၉၉
ဖန်ဆင်းခြင်းမှ ခရစ်တော်ထိ လက်အမူအရာများ ၁၀၉

ထောက်ခံချက်များ

It's a joy and honor for Biblica—The International Bible Society to be partnering with The Prayer Covenant for Children*. Children are not only the future leaders of the Church, they are participants and the majority of the Church around the world today. The prayers of children have a powerful and eternal impact—bringing people to faith in Christ all over the world. This resource accomplishes that task!*

– **LAREAU ANDERSON**, Sr. Director Global Partnerships, Biblica—The International Bible Society

Now is the time to direct our eyes to them, they are the new generation of world changers who are waiting to take the torch of faith. The Prayer Covenant for Children *is the spark that is acting as a trigger for this change. Through prayer, children are rising up and transforming lives. The prayer covenant is becoming a catalyst tool to lift the children of the world in a time when we have lost one of the most important core values taught by Jesus -— prayer.* The Prayer Covenant *is a call from God and is well said by Candy Marballi in her book. She invites us to raise a new generation of worshipers and intercessors around the world.*

– **LUIS BUSH**, International Facilitator, TWC, Servant, Transform World 2020; Co-Founder 4/14 Movement with Pastor Nam Soo Kim

The Prayer Covenant for Children *is a bold challenge to engage the hearts of children in the mission to advance the Kingdom of Christ through prayer. Thanks, Candy, for such an effective tool.*

– **GARY L. FROST**, Vice President, Midwest Region and Prayer North American Mission Board

The Prayer Covenant for Children *is an amazing, one-of-a-kind book! Its power of focus, crystal clarity and profound simplicity make this a great gift to the body of Christ! I believe God will use this book to raise up a generation of passionate praying children, rooted in the Word of God, and released into anointed ministry for the glory of Christ! As both a dad and pastor of prayer, I highly recommend this book! Let's follow Jesus together in the place of prayer with our children!*

– **DR. JASON HUBBARD**, Director of Light of the World Prayer Center

This book is a beautifully illustrated and written prayer guide for children around the world and a must-have resource for churches, schools and families. It is both engaging and practical.

– **ROBERT A. MCDONALD**, Retired Chairman, President and Chief Executive Officer of The Procter & Gamble Company

The Prayer Covenant for Children *is instantly engaging. It is extremely accessible for teachers, and the lessons balance prayer, scripture and practical exercises beautifully. It provides the value of a full-featured Sunday-school curriculum in the package of a best-selling children's book.*

I love The Prayer Covenant for Children *because it introduces children to the wonder and power of talking to God while making profound biblical truths simple and fun! It invites the reader to experience the goodness of God in their own lives while taking them on a visual tour of the grand story of God's covenant with humanity. There is something in every lesson for children of all ages. It is fun, versatile and effective.*

– **JOSHUA MAHONEY**, Resources Manager - Every Home for Christ

ထောက်ခံချက်များ

On the day of Pentecost, Apostle Peter affirmed that citizenship in the Kingdom of God and the gift of the Holy Spirit belong to us and to our children (Acts 2:39). The Prayer Covenant for Children *rightly demonstrates that the reality of this promise is as relevant and real for today's Church as it was back then.*

– **SIDNEY MUISYO**, Vice President for Africa Region, Compassion International

It is an amazing privilege to partner with The Prayer Covenant for Children *and pray together so that everyone, everywhere can know about Jesus! Childrens' prayers bring unity to us all, and touch the heart of God!*

– **CHERY OSTERLOH**, Global Prayer, Jesus Film Project

I am delighted that the Prayer Covenant is now prepared for children to use in their prayer life. I wonder if the most significant use of this Prayer Covenant will be in preparing children around the world to live a praying life. And so we loudly proclaim, "Come on children, learn to pray and worship God."

– **DR. LOU SHIREY**, Director of Clergy Development/Prayer Ministry, International Pentecostal Holiness Church

Jesus wants children to come to Him. The Prayer Covenant for Children *not only provides children of all ages the path to know Him intimately, but also empowers them to be joyful followers of Jesus as they pray and share with others. Candy, thank you for this wonderful resource!*

– **DION STEINBORN**, Director's Office of Jesus Film, Project Catalyst

In partnership with many ministries, The Prayer Covenant is everywhere changing lives. I'm thrilled this fruitful prayer resource (now even better) will inspire children globally to join the millions already praying, "Lord, fill me with your Holy Spirit!"

– **GREG STOUGHTON**, Partnership and Project Coordinator, Office of the President for Cru

How life-changing for children to be taught the need for prayer, how to pray and the power of prayer! In addition to the importance of prayer, the book also teaches children of God's love for them and the importance of obedience.

– **THOMAS E. TRASK**, Former General Superintendent of the Assemblies of God

God is raising up a generation of world-changer children and youth. The Prayer Covenant for Children *is an amazing resource for them to learn to pray Christ-centered prayers for themselves and others every day. How cool is that! I'm a big fan! I plan to share it with all of my friends and colleagues, especially the younger ones. I encourage you to do the same.*

– **TOM VICTOR**, President, The Great Commission Coalition, Facilitator, 4 to 14 Window North American Region

The Prayer Covenant for Children *is an awesome biblical tool to develop love and intimacy with and for the Almighty, in our children. I believe it will encourage all believers to pray, evangelize and disciple our children to passionately pursue radical obedience to The Greatest Commandment and the Great Commission. Thank you for this great gift to the body of Christ!*

– **K. MARSHALL WILLIAMS SR.**, Senior Pastor, Nazarene Baptist Church, Philadelphia PA, and President, National African American Fellowship, SBC

ရည်ညွှန်းစကား

ကောင်းကင်အဘသည် သင်တို့အား မည်မျှလောက် ချစ်တော်မူသည်ကို သိရှိကြစေဖို့ ***ကမ္ဘာအနှံ့ရှိ ကလေးသူငယ်များအားလုံးအတွက်***

ချစ်ခင်ကြင်နာစွာ အားပေးကူညီကြသည့် ***ချစ်ရသော ခင်ပွန်းသည် ဗစ်ခ်နှင့် သား ယောနသန်၊ သမီး မာရီယာအတွက်***

စိတ်ရောကိုယ်ပါ မြှုပ်နှံလုပ်ဆောင်ပေးသော တွဲဖက်စာရေးသူ ***စတီဖင် အိုင်ရီအတွက်***

*ကမ္ဘာတဝှမ်းရှိ ရင်သွေးများအတွက် ရက် (၄၀) ကြာ ဆုတောင်းပဋိညာဉ် ရုပ်ရှင်ဇာတ်ကားကို ထောက်ပံ့ကူညီလုပ်ဆောင်ပေးသော ဂျ*ယ်ရီ ကက်ခ်အတွက်***

အဖွဲ့သူ အဖွဲ့သားများအားလုံးအတွက် *(အေမီ ကက်ခ်၊ ရှာရွန် မေဆန်၊ စတီဖင်နီ ပလန်ကိုဗစ်၊ ရှာရွန် ချက်ဖ်နှင့် ကေတီ စတီလီ။*

နည်းပေးလမ်းညွှန် ပြုလုပ်ပေးကြသော ***အိုင်မာ ချွန်နှင့် ကေတီ စတီလီတို့အတွက်***

အမှာစကား

အရွယ်ရောက်ပြီးသူများအတွက် ဆုတောင်းပဋ္ဌာန်းသည့် သာသနာလုပ်ငန်းတွင် (၄၅) နှစ်ကျော်ကြာ ကျွန်ုပ် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ သာသနာလုပ်ငန်းများကို ဘုရားသခင်က မည်မျှ ကောင်းကြီးပေးသည်၊ တိုးပွားစေသည်ကို တွေ့မြင်ရပြီး အမြဲတစေ ကြည်နူးခဲ့ရပါသည်။ ၎င်းတို့အနက် ကလေးသူငယ်များအတွက် ဆုတောင်းပဋ္ဌာန်းသည် ဘုရားသခင်၏ အံ့သြဖွယ်ရာ လက်ရာတခုပါ။ ကန်ဒီ မာဘယ်လီက သူ၏ ရူပါရုံကို ဝေငှခြင်း မပြုမီအထိ ဤအကြောင်းကို ကျွန်ုပ် သတိမပြုမိခဲ့ပါ။ ကလေးသူငယ်များအတွက် သာသနာလုပ်ငန်းနှင့် ပတ်သက်ပြီး ကျွမ်းကျင်သူများဖြင့် အဖွဲ့တခု ဖွဲ့စည်းနိုင်ရန် ကန်ဒီကို ဘုရားသခင်က ဦးဆောင်လမ်းပြပေးခဲ့ပါသည်။ ထိုအချိန်မှစ၍ ကန်ဒီတို့အဖွဲ့သည် ကလေးသူငယ်များအတွက် သာသနာလုပ်ငန်းတွင် သူတို့၏ ဘဝကို နှစ်မြှုပ်ထားခဲ့တာပါ။ ဤသို့ဖြင့် ဆုတောင်းပဋ္ဌာန်းကိုလည်း ကလေးသူငယ်များအတွက် ပြုပြင်မွမ်းမံရန် သူတို့အဖွဲ့က စိတ်ဝင်စားလာကြပါသည်။ ကလေးသူငယ်များအတွက် ဆုတောင်းပဋ္ဌာန်းစာအုပ်ကို ပုံနှိပ်ပြီးသည့်အခါ ဤစာအုပ်မျိုးသည် လိုအပ်ချက် ရှိနေကြောင်း ကန်ဒီနှင့် အခြားသူများ သဘောပေါက်ခဲ့ကြပါပြီ။

လူကြီးများအတွက်နည်းတူ ကလေးများအတွက် ဆုတောင်းပဋ္ဌာန်းသည်လည်း ဆုတောင်းခြင်းကို ပိုမို ကြွယ်ဝစုံလင်လာစေမည့် လမ်းညွှန်တခု ဖြစ်ပါသည်။ အမည်တွင် ဖော်ပြထားသည့်အတိုင်း ကလေးများအတွက်သာ ရည်ရွယ်ပါသည်။ ကလေးများ၏ ဝိညာဉ်အသက်တာ ယခင်ကထက် ပိုမို ဖွံ့ဖြိုးရှင်သန်လာစေပါမည်။ ဝိညာဉ်ရေးရာ ပိုမို ကြီးထွားလာရန် ကျစ်ကျစ်လျစ်လျစ်၊ ထိထိမိမိနှင့် လှပသော ဆုတောင်းချက်လည်း ဖြစ်ပါသည်။

ဤစာအုပ်ကို ကလေးများအတွက် အဓိက ရည်ရွယ်ရေးသားထားသော်လည်း မိဘများအတွက်ပါ ကောင်းကြီးမင်္ဂလာ ဖြစ်စေမည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။ ဤနည်းဖြင့် သားသမီးများထံသို့လည်း ကောင်းကြီးများ စီးဆင်းသွားပါလိမ့်မည်။ ဥပုသ်စာဖြေ ဆရာ၊ ဆရာမများအတွက် ကောင်းကြီး မင်္ဂလာ ဖြစ်စေပါသည်။ ဤနည်းဖြင့် သူတို့သင်ကြားပေးနေသော ကလေးများထံသို့ ကောင်းကြီးများ စီးဆင်းသွားပါမည်။ သင်းအုပ်များအတွက် ကောင်းကြီးမင်္ဂလာ ဖြစ်စေပါသည်။ ဤနည်းဖြင့် သူတို့ ပြုစုပေးနေသော ခရစ်ယာန်အသိုင်းအဝိုင်းတခုလုံး ထံသို့ ကောင်းကြီးမင်္ဂလာများ စီးဆင်းသွားပါလိမ့်မည်။

ကလေးများ ဆုတောင်းတတ်ကြသည်မှာ ပုံမှန်ကိစ္စသာ ဖြစ်ပါသည်။ ထို့အတူ သူတို့ ချစ်ခင်ယုံကြည်သော မိဘများနှင့် အတူတကွ ဆုတောင်းကြသည်မှာလည်း ပုံမှန်ကိစ္စသာ ဖြစ်ပါသည်။ မိဘများနှင့် ဆရာ၊ ဆရာမများအတွက် ဆုတောင်းပဋ္ဌာန်းက ပေးအပ်မည်မှာ လိုက်လျှောက်ရမည့် လမ်းကြောင်းတခုသာ ဖြစ်ပါသည်။ ကလေးသူငယ်တိုင်းအတွက် လိုအပ်သော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်၊ ငြိမ်သက်ခြင်းကို ဆုတောင်းခြင်းအားဖြင့် ကလေးများ အရောက်သွားနိုင်မည့် လမ်းဖြစ်ပါသည်။

ကလေးသူငယ်များအတွက် ဆုတောင်းပဋ္ဌာန်းကို ယခင်ကတည်းက ကောင်းမွန်မှန်း သိခဲ့သော်လည်း ကျွန်ုပ်တို့ လုပ်ဆောင်သမျှ အကောင်းဆုံး အရာများအနက် တခုအဖြစ် ယခုအချိန်တွင် ဝန်ခံရပါတော့မည်။ ကမ္ဘာတဝှမ်းလုံးတွင် ဆုတောင်းခြင်းမီးလျှံများ ထွန်းလင်းစေရန် အစပြုပေးမည့် မီးတောက်တခု ဖြစ်ပါစေသော။

ဂျယ်ရီ ကက်ခ်
ဆုတောင်းခြင်းပဋ္ဌာန်း တည်ထောင်သူနှင့် ဥက္ကဌ

နိဒါန်း

မည်ကဲ့သို့ ဆုတောင်းရမည်ကို ကလေးများအား သင်ကြားပေးခြင်း

သခင် မည်ကဲ့သို့ ဆုတောင်းရမည်ကို သင်ပေးတော်မူပါဟူသည့် တပည့်တော်များ၏ ရိုးရှင်းသော မေတ္တာရပ်ခံချက်ဖြင့် ရှင်လုကာခရစ်ဝင် အခန်းကြီး (၁၁) ကို အစပြုပါသည်။ (၂၀၁၄) ခုနှစ် နယူးယောက်တွင် ကျင်းပသော အသက် (၄) နှစ်မှ (၁၄) နှစ်အရွယ်အတွက် အကောင်းဆုံးနည်းလမ်းများ ညီလာခံတွင် ဤစာအုပ်ကို ပထမဆုံး ဖြန့်ချိရန် တွမ် ဇစ်တာက ဖိတ်ကြားခဲ့ပါသည်။ ထိုအချိန်မှစပြီး ကလေးများအား မည်ကဲ့သို့ ဆုတောင်းရမည်ကို သင်ကြားပေးရင်း ဧဝံဂေလိ ကြားပြောရန်၊ ကလေးများ၏ နှလုံးသားများကို တို့ထိပြီး တပည့်တော် ဖြစ်စေရန် ကလေးသူငယ်များအတွက် ဆုတောင်းပဋိညာဉ်ကို ဘုရားသခင်က အသုံးပြုတော်မူခဲ့ပါသည်။ အဖြေရသော ဆုတောင်းချက်များ၏ အရှိန်တန်ခိုးကို ကလေးများ ခံစားရသောအခါ စိတ်လှုပ်ရှားလာကြပါသည်။ သူတို့၏ ယုံကြည်ခြင်းလည်း ပိုမို ခိုင်ခံ့လာပြီး ပို၍ ဆုတောင်းချင်လာကြပါသည်။

ဆုတောင်းခြင်းအားဖြင့် သခင်ယေရှုနှင့် ပိုမို မိဿဟာရ ဖွဲ့နိုင်သောကြောင့် ဆုတောင်းခြင်းသည် ဝိညာဉ်ရေးရာအတွက် အရေးကြီးဆုံး အရာများအနက် တခု ဖြစ်ပါသည်။ သခင်ယေရှုနှင့် မိဿဟာရ ဖွဲ့လေလေ၊ သခင်ယေရှုနည်းတူ ဖြစ်လေလေ ဖြစ်ပြီး ကိုယ်တော်၏ ကျေးဇူးတော်၊ ချစ်ခြင်းမေတ္တာ၊ သနားကရုဏာနှင့် ခွင့်လွှတ်ခြင်းများ ကျွန်ုပ်တို့တွင်လည်း ပြည့်ဝလာပါမည်။ ဤစာအုပ်ကြောင့် ကမ္ဘာတဝှမ်းလုံးရှိ လူငယ်လူရွယ်များကြားတွင် ဆုတောင်းခြင်း အရှိန်အဟုန် မြင့်တက်လာပြီး စစ်မှန်သော တပည့်တော်ဖြစ်ခြင်း၏ အဖိုးအခနှင့် ပိုင်ဆိုင်ထားသော အခွင့်အရေးများအကြောင်း အမှန်တကယ် နားလည်သည့် ကိုယ်တော်၏ နောက်လိုက် မျိုးဆက်သစ်များ ဖြစ်လာစေရန် ကျွန်ုပ်တို့ ဆုတောင်းကြပါသည်။ ဆုတောင်းခြင်းအားဖြင့် ကိုယ်တော်နှင့်အတူ နေ့စဉ် မိဿဟာရဖွဲ့ပြီး ထိုသို့ ဖြစ်လာပါလိမ့်မည်။

ဆုတောင်းခြင်း ခရီးလမ်းကို ကလေးများ စတင်သည့်အခါ ဘုရားသခင်၏ တန်ခိုးတော်ကို ကိုယ်တိုင်မြည်းစမ်းတတ်စေလိုပါသည်။ မည်ကဲ့သို့ နာခံလိုက်လျှောက်ရမည်ကို သင်ယူစေလိုပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ နှိုးဆော်ခြင်းများအား မည်ကဲ့သို့ တုံ့ပြန်ရမည်ကို သိရှိစေလိုပါသည်။

ဘုရားသခင်သည် ကလေးများကို သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် အမျိုးမျိုး စကားပြောနေပါသည်။ ဆုတောင်းခြင်းအသက်တာကို ကလေးများ စတင်သောအခါ နားထောင်တတ်စေရန် အရင်ဦးဆုံး သင်ယူကြမည်ဟု ကျွန်ုပ်တို့ မျှော်လင့်မိပါသည်။ ကောလင်း မီလာသည် ဆုတောင်းခြင်း အားကြီးသူတဦးဖြစ်ပြီး ဆာ ၄၆:၁၀ အပေါ် အခြေခံ၍ ကျွန်ုပ်အား အောက်ပါအတိုင်း ဝေမျှပေးခဲ့ဖူးပါသည်။ "ငြိမ်ဝပ်လျက် နေကြလော့၊ ငါကား ဘုရားသခင် ဖြစ်သည်ဟု သိမှတ်ကြလော့"။ ဤကျမ်းချက်အရ အမြင့်ဆုံးသော ဘုရားသခင်၏ ရှေ့မှောက်တွင် ငါးမိနစ်ခန့် ငြိမ်ဝပ်စွာနေဖို့ သူက တိုက်တွန်းပါသည်။ ဤအချက်သည် ကလေးများအတွက်သာမက လူကြီးများအတွက်ပါ အလွန် အရေးကြီးပါသည်။ ထို့ကြောင့် ကလေးများကို ဘုရားသခင်၏ ရှေ့တွင် ငါးမိနစ်ခန့် ငြိမ်သက်စွာနေစေပြီး သူတို့အား ဘုရားသခင် ဘာတွေ ပြောသည်၊ ဘာတွေ နှိုးဆော်သည်ကို အရင်ဆုံး သတိပြုစေပါ။ ဤအကြောင်းကို နောက်ပိုင်း ခိုလှုံကိုးစားခြင်းအခန်းတွင် ဆက်လက် လေ့လာသွားကြပါမည်။ ကျွန်ုပ်တို့၏ နားထောင်တတ်ခြင်းသည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကဲ့သို့ပင် တန်းတူ အရေးကြီးပါသည်။ ဘုရားသခင်သည် နှုတ်ကပတ်တော်အားဖြင့် စကားပြောသလို ဝိညာဉ်တော်၏ သိမ်မွေ့သော နှိုးဆော်ခြင်းဖြင့်လည်း ဖော်ပြတတ်ပါသည်။ ငယ်ရွယ်သော ရှမွေလသည် ဘုရားသခင်၏ အသံတော်ကို နားထောင်တတ်ပြီးမှသာ နိုင်ငံကြီးကို ဦးဆောင်ရန် ဘုရားသခင်က အသုံးပြုခဲ့ကြောင်း ကျမ်းစာထဲ၌ တွေ့နိုင်ပါသည်။

ကျွန်ုပ်တို့၏ ရူပါရုံ၊ ပန်းတိုင်မှာ ဆုတောင်းခြင်း ပဋိညာဉ်၏ အရှိန်တန်ခိုးဖြင့် ကလေးများ၊ လူကြီးများကို သခင်ယေရှုနောက်တော်သို့ လိုက်စေရန် ဖြစ်ပါသည်။ ကလေးများကို ဤလက်နက်တပ်ဆင်ပေးလိုက်သည့်အခါ ဘုရားသခင်က အံ့ဩဖွယ်နည်းလမ်းများ၊ ကြီးမားသော တန်ခိုးတော်ဖြင့် အလုပ်လုပ်တော်မူပါလိမ့်မည်။ ကမ္ဘာအနှံ့မှ ကလေးသူငယ်ပေါင်း (၂.၅) သန်းကို ကျွန်ုပ်တို့ ဤလက်နက် တပ်ဆင်ပြီးပါပြီ။ (၂.၅) သန်းသော ကလေးသူငယ်များသည် သခင်ယေရှုနောက်တော်သို့ အတူတကွ လိုက်နေကြပါပြီ။ (၂.၅) သန်းသော ကလေးသူငယ်များသည် ကိုယ်တော်၏ အသံတော်ကို နားဆင်ပြီး နာခံလိုက်လျှောက်နေကြပါပြီ။ သို့သော် ဤသည်မှာ အစသာ ရှိသေးသည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြပါသည်။

ကလေးများအတွက် အခြားအကြောင်းအရာများကို theprayercovenant.org/children တွင် ကြည့်ရှုနိုင်ပါသည်။ ကမ္ဘာအနှံ့မှ ကလေးများ၏ သက်သေခံချက်များ၊ ရုပ်ပုံများ အပါအဝင် အခြားအရာများစွာကို တွေ့မြင်ရပါလိမ့်မည်။ သင်၏ အကြောင်းကိုလည်း ကျွန်ုပ်တို့ထံ ရေးသားပေးပို့နိုင်ပါသည်။ သင့်ဆီမှ မကြာမီ တခုခု ကြားရဖို့ မျှော်လင့်လျက် ရှိနေကြပါသည်။

နိဒါန်း

ဆုတောင်းတတ်ရန် သင်ယူခြင်း

ပဋိညာဉ်ဆိုတာ ဘာလဲဟု သင်၏ ရင်သွေးက မေးကောင်းမေးပါမည်။ လူနှစ်ဦး သို့မဟုတ် လူများကြားတွင် ထားရှိသော ကတိစကားကို ပဋိညာဉ်ဟု ခေါ်ပါသည်။ အချိန်ကာလတခု သတ်မှတ်၍ တဦးနှင့် တဦး အပြန်အလှန်ဆုတောင်းပေးရန် သဘောတူညီခြင်းကို ဆုတောင်းခြင်းပဋိညာဉ်ဟု ခေါ်ပါသည်။ အခြားသူများအတွက် ဆုတောင်းပေးခြင်းကို ကလေးသူငယ်များ သဘောကျတတ်ကြပြီး အလွယ်တကူ လုပ်ဆောင်နိုင်စွမ်းလည်း ရှိကြပါသည်။ နောက်ပိုင်း သင်ခန်းစာ တခုချင်းတိုင်းကို လေ့လာသောအခါ မည်သူနှင့် ဆုတောင်းပဋိညာဉ်ဖွဲ့ရန် ဘုရားသခင်က နှလုံးသားထဲ၌ ဖော်ပြနေပါသနည်းဟု မိမိကိုယ်ကို မေးခွန်းထုတ်ကြည့်ပါ။ သင့်အကြောင်း အခြားသူများအား သက်သေခံရန် ဘုရားသခင်က မည်သည့်နည်းလမ်းများဖြင့် မိန့်တော်မူနေပါသနည်း။

မကြာခဏဆိုသလို ကလေးများသည် မိဘများ၊ ညီအစ်ကို မောင်နှမများ၊ သူငယ်ချင်းများနှင့် ဆုတောင်းပဋိညာဉ် စတင် ဖွဲ့တတ်ကြပါသည်။ မည်သည့်အချိန်တွင်မဆို ထိုကဲ့သို့ လုပ်ဆောင်နိုင်ပါသည်။ အဓိကရည်ရွယ်ချက်မှာ ရင်သွေးများတွင် ဆုတောင်းခြင်းအသက်တာ စတင်လာဖို့သာ ဖြစ်ပါသည်။ မကြာခဏဆိုသလို အိမ်တွင် ဆုတောင်းကြရန် ကလေးသူငယ်များက အစပြုလုပ်ဆောင်တတ်ကြောင်း တွေ့မြင်ရပါသည်။

ဤစာအုပ်တွင် အသုံးပြုထားသော တင်ပြပုံကို နှစ်သက်လိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ကျေးဇူးတော်၊ ချစ်ခြင်းမေတ္တာတော်၊ ကရုဏာတော်၊ နောင်တရခြင်း၊ ချီးမွမ်းကိုးကွယ်ခြင်း၊ ဆက်ကပ်အပ်နှံခြင်း၊ ခိုလှုံကိုးစားခြင်း၊ ပုံသက်သေပြခြင်း၊ တပည့်တော်ဖြစ်ခြင်းနှင့် ပိုင်သအုပ်စိုးတော်မူခြင်း ဟူသည့် တပည့်တော်ဖြစ်ခြင်း၏ အဓိက အုတ်မြစ်များကို အခန်းကြီး ဆယ်ခန်းအဖြစ် ဖော်ပြထားပါသည်။ သင်ခန်းစာတခုစီတိုင်းတွင် ကျမ်းစာ ဥပမာ၊ အလွတ်ကျက်ရန် ကျမ်းချက်၊ လေ့ကျင့်ခန်း၊ ဆုတောင်းရန်၊ ဆော့ကစားခြင်း၊ သီချင်းကဗျာနှင့် အခြားအကြောင်းအရာများစွာ ပါဝင်ပါသည်။ ထိုအကြောင်းအရာများကို အောက်ပါခေါင်းစဉ်များဖြင့် သင်ခန်းစာတိုင်းတွင် ဖော်ပြထားပါသည်။

သင်ခန်းစာအစီအစဉ်များကို လိုအပ်သလို ပြောင်းလဲနိုင်ပါသည်။ ဥပုသ်စာဖြေကျောင်းမှာလား၊ ကျမ်းစာသင်တန်းမှာလား၊ အဖွဲ့လိုက် လေ့လာခြင်း အစီအစဉ်တွင်လား စသည်တို့အပေါ် မူတည်၍ အကောင်းဆုံး နည်းလမ်းကို ဆုံးဖြတ်နိုင်ပါသည်။ အဆင့်နှစ်ဆင့်ဖြင့် လုပ်ဆောင်ကြည့်ရန် အကြံပြုတိုက်တွန်းလိုပါသည်။ ပထမဦးစွာ ရက်သတ္တပတ် (၁၀) ပတ်တွင် အဓိကအကြောင်းအရာကြီး (၁၀) ခုကို ကလေးသူငယ်များအား သင်ကြားပေးပါ။ ထိုနောက်မှသာ သူငယ်ချင်းအချင်းချင်း သို့မဟုတ် မိသားစုဝင်တဦးနှင့် ဆုတောင်းပဋိညာဉ် ဖွဲ့စေပါ။ သင်ခန်းစာပြီးဆုံးချိန်တွင် ဆုတောင်းခြင်းသည်သာ အဓိကပန်းတိုင်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါစေ။ တေးသီချင်းဖြင့် ချီးမွမ်းကိုးကွယ်ခြင်း ပြုလုပ်သကဲ့သို့ ဆုတောင်းခြင်းဖြင့် ဝတ်ပြုကိုးကွယ်ခြင်းကိုလည်း အပတ်စဉ် ထည့်သွင်းပေးပါ။ ကလေးသူငယ်များကို အောက်ပါအချက်များအား ဝေမျှစေပါ။

- သူတို့ကို ဘုရားသခင်က မည်ကဲ့သို့ ပြောင်းလဲပေးနေကြောင်း
- သူတို့ဆုတောင်းပေးနေသောသူကို ဘုရားသခင်က မည်ကဲ့သို့ ပြောင်းလဲပေးနေကြောင်း
- သူတို့အား ဘုရားသခင်က မည်ကဲ့သို့ စကားပြောကြောင်း
- ဆုတောင်းချက်များကို မည်ကဲ့သို့ အဖြေပေးကြောင်း
- ဆုတောင်းရန် အချက်များ။

ဆုတောင်းခြင်း၏ အရှိန်တန်ခိုးအားဖြင့် အငယ်ဆုံးသော သူများကို သခင်ယေရှုထံတော် ပို့ဆောင်ရာ၌ ပါဝင်ကူညီသည့်အတွက် သင့်အား အထူးကျေးဇူးတင်ရှိပါသည်။

ကျေးဇူးတော်

လုပ်ဆောင်ရန် (၁) မင်း ပြောနိုင်သလား

လုပ်ဆောင်ရန် (၁)

ဆုတောင်းချက်ကို အလွတ်ကျက်ခြင်း

ကောင်းကင်ဘုံ၌ ရှိတော်မူသောအဘ ကျွန်ုပ်ကို ချစ်တော်မူပြီး ကိုယ်တော်၏ သားသမီး ဖြစ်ခွင့်ရသည့်အတွက် ကျေးဇူးတင်ပါ၏။

ဆုတောင်းချက် အပြည့်အစုံကို အတူတကွ **ဖတ်ပါ။** ကျေးဇူးတော်ဟူသော အဓိကအချက်ကို ဆင်ခြင်ပါ။

ဆုတောင်းချက် အပြည့်အစုံကို အတူတကွ **သီဆိုချီးမွမ်းပါ။**

(တေးဂီတသံများ ဖွင့်ပေးနိုင်ပါသည်။)

အခြေပြုကျမ်းချက်ကို အလွတ်ကျက်မှတ်ခြင်း (၁ ယော ၃:၁)

ပဟေဠိဖြင့် လုပ်ဆောင်ခြင်း

စကားလုံး တလုံးချင်းစီကို ပဟေဠိအပိုင်းအစများပေါ်တွင် တခုစီ ရေးသားထားပါ။ ကျမ်းချက်ကို ရရှိရန် ထိုအပိုင်းအစများကို အစီအစဉ်တကျ ထားရှိရပါမည်။

သင်ပုန်းဖြင့် လုပ်ဆောင်ခြင်း

ကျမ်းချက်အပြည့်အစုံကို သင်ပုန်းပေါ်တွင် ရေးသားထားပါ။ ကလေးများက အတူတကွ ကြည့်၍ ရွတ်ဆိုစေပါ။ ထို့နောက် ဦးဆောင်သူက စကားလုံးအချို့ကို ဖျက်ပစ်ပါ။ ကလေးများက ထပ်မံ ရွတ်ဆိုစေပါ။ ထိုနည်းဖြင့် ကလေးများ အလွတ်ရသွားသည်အထိ စကားလုံးများအားလုံးကို တဖြည်းဖြည်းချင်း ဖျက်သွားပါ။

တန်းစီမယ်

ကလေးများအား စီတန်း၍ ရပ်နေစေပါ။ ကလေးတဦးချင်းစီက ကျမ်းချက်ရှိ စကားလုံးတလုံးချင်းစီကို ရွတ်ဆိုရပါမည်။ (လက်တွေ့လုပ်ဆောင်လျှင် ထင်သည်ထက် ပို၍ ခက်ခဲပါသည်။)

ကျမ်းချက်ကို အလွတ်ရသူများအား ဆုချီးမြှင့်ရန် အနည်းငယ် ပြင်ဆင်ထားပါ။

အထက်ပါ လုပ်ဆောင်မှုများတွင် ကလေးအားလုံးကို အလှည့်ကျ ပါဝင်စေပါ။

လုပ်ဆောင်ရန် (၂) သင် ရှာတွေ့ပါသလား

လုပ်ဆောင်ရန် (၂)

အချိန်ယူ၍ ကျမ်းစာလေ့လာပြီး နှုတ်ကပတ်တော်ကို ပို၍ နက်ရှိုင်းစွာ စူးစမ်းကြပါမည်။ သက်ဆိုင်ရာ အဓိကအချက်နှင့် ပတ်သက်သော ကျမ်းချက်များကို ပြင်ဆင်ထားပါ။ မည်သူက ကျမ်းချက်ကို အရင်ဆုံး ရှာတွေ့သည်ကို ပြိုင်ပွဲလေး ပြုလုပ်ပေးပါ။ အမြန်ဆုံး ရှာတွေ့သူက ဖတ်ပြပါစေ။

ကျေးဇူးတော်နှင့် ပတ်သက်၍ ကျမ်းစာတွင် ဖော်ပြထားသည်များကို စူးစမ်းလေ့လာပါ။

ယော ၃:၁၆

၁ ယော ၄:၁၀

ရော ၈:၃၈-၃၉

(အခြား ကျမ်းချက်များကိုလည်း အသုံးပြုနိုင်ပါသည်။)

ကျမ်းချက်များက ကိုယ့်ကို ဘာပြောသနည်း။

ကိုယ့်အသက်တာ၌ မည်ကဲ့သို့ အသုံးချနိုင်မည်နည်း။

ကျေးဇူးတော်နှင့် ပတ်သက်၍ ဘာတွေ သင်ယူခဲ့ရပါသနည်း။

လုပ်ဆောင်ရန် (၃) မင်း ခံစားမိပါသလား။

လုပ်ဆောင်ရန် (၃)

ဆွေးနွေးခြင်းအစီအစဉ်။ မည်သည့် ပြစ်တင်ဆုံးမခြင်းမျိုးမှ မရှိဘဲ ကလေးများသည် ယုံကြည်ခြင်းနှင့် ပတ်သက်သော သူတို့၏ သံသယများကို ဖော်ပြခြင်း၊ မေးခွန်းထုတ်ခြင်း၊ စိုးရိမ်ပူပန်မှုများအား မျှဝေခြင်းများ ပြုလုပ်နိုင်ရပါမည်။ တဦးစီတွင် ယုံကြည်ခြင်းအမြင် အမျိုးမျိုး ရှိနေနိုင်ပါသည်။ အသက်တာ၌ ကိုယ်တိုင် ခံစားရသော ကျေးဇူးတော်အကြောင်း ဝေမျှပြီး ဦးဆောင်သူများက ဆွေးနွေးခြင်းကို အစပြုနိုင်ပါသည်။ ကလေးများကို နွေးထွေးလှိုက်လှဲစွာ ကြိုဆိုပါ။ ကလေးများကလည်း ထိုနည်းတူ တုံ့ပြန်ပါလိမ့်မည်။

မေးခွန်းနမူနာများမှာ –

၁) ကျွန်ုပ်တို့ကို ဘုရားသခင် ချစ်ကြောင်း မည်ကဲ့သို့ သိရှိနိုင်မည်နည်း။

၂) သင်၏ ချစ်ခြင်းမေတ္တာကို မည်ကဲ့သို့ ပြသနိုင်မည်နည်း။

၃) မည်သည့်အရာကြောင့် သင့်ကို ချစ်ကြောင်း ခံစားရသနည်း။

၄) မည်သည့်အရာကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားသမီးများ ဖြစ်လာပါသနည်း။

လုပ်ဆောင်ရန် (၄) ဆုတောင်းရန်

လုပ်ဆောင်ရန် (၄)

ဤအချိန်သည် ရင်သွေးများ အတူတကွ ဆုတောင်းရန် ဖြစ်ပါသည်။ အချို့ကလေးများသည် ယခင်က တကြိမ်မျှ ဆုမတောင်းဖူးသဖြင့် ရှက်ရွံ့နေနိုင်ပါသည်။ ဆုတောင်းချက် စကားလုံး တလုံး သို့မဟုတ် ဝါကျတို တခွန်းကိုသာ ပြောရန် လိုအပ်သဖြင့် ဆုတောင်းခြင်းသည် လွယ်ကူပြီး ပျော်ရွှင်ဖွယ်ဖြစ်ကြောင်း ကလေးများ သိလာပါလိမ့်မည်။ ဘုရားသခင်၏ နာမတော်နှင့် ဂုဏ်တော်များကို ကလေးများအား သင်ကြားပေးခြင်းဖြင့် စတင်ပါ။ ဘုရားသခင်အား ချီးမွမ်းကိုးကွယ်ဝတ်ပြုရန် နည်းလမ်းတခုလည်း ဖြစ်ပါသည်။ ကလေးများသည် ဤနည်းလမ်းကို နှစ်သက်ကြပြီး မြန်မြန်ဆန်ဆန် ပါဝင်လာပါလိမ့်မည်။ ဆုတောင်းရင်း ပိုမို တတ်ကြွလာသည်ကို ခံစားမိပါလိမ့်မည်။ ဤသို့ဖြင့် တနေ့ထက်တနေ့ ပိုမို အသားကျလာကာ တပတ်နှစ်ပတ်အတွင်း ဆုတောင်းချက်များအား အချင်းချင်း ဝေမျှတတ်လာသည်ကို တွေ့မြင်ရပါလိမ့်မည်။

ဖြောင့်မတ်သော ဘုရားသခင် (ယေဟောဝါ ဇေဒကနု)

ငါတို့နှင့်အတူရှိသော ဘုရားသခင် (ဧမာနွေလ)

အဘ (အဗ္ဗ)

အစဉ်အမြဲတည်တော်မူသော ဘုရားသခင်

အမြင့်ဆုံးသော ဘုရားသခင်

တရားစီရင်သောသူ

ထာဝရဘုရားသည် ငါ၏ သိုးထိန်းဖြစ်တော်မူ၏။

ထာဝရဘုရားသည် ငါ၏ ကျောက်ဖြစ်တော်မူ၏။

ထာဝရဘုရားသည် ငါ၏ ငြိမ်သက်ခြင်းဖြစ်တော်မူ၏။

တန်ခိုးကြီးသော ဖန်ဆင်းရှင် ဘုရားသခင်

သခင်ဘုရား

ကျွန်ုပ်ကို သိမြင်တော်မူသော ဘုရားသခင်

အလုံးစုံ တတ်စွမ်းနိုင်သော ဘုရားသခင်

ဘုရားသခင် ပေးတော်မူမည်။

ဘုရားသခင် အနာငြိမ်းစေတော်မူမည်။

နောက်ထပ် ဆုတောင်းခြင်း လုပ်ဆောင်ရန် အစီအစဉ်တခုမှာ အရောင်များဖြင့် ဆုတောင်းခြင်း ဖြစ်ပါသည်။ ချီးမွမ်းကိုးကွယ်ခြင်း တေးဂီတသံများ ဖွင့်၍ ကလေးများအား မြက်ခင်းပေါ်တွင် လဲလျောင်းကာ ကောင်းကင်၊ သစ်ပင်များနှင့် တိမ်များ စသဖြင့် ဘုရားသခင်၏ ဖန်ဆင်းခြင်းအကြောင်း ခံစားကြည့်စေပါ။ ဘုရားသခင်က သူတို့အား ပြောသည်ဟု ခံစားရသော အကြောင်းအရာများကို စက္ကူအဖြူရောင် အရွက်ကြီး တခုပေါ်၌ ရေးဆွဲကြစေပါ။ ကလေးများသည် ဤကဲ့သို့ အရောင်များဖြင့် ဆုတောင်းရသည်ကို အလွန် သဘောကျပြီး သူတို့ ဖော်ပြသော အကြောင်းအရာများကြောင့် သင် အံ့သြရပါလိမ့်မည်။ ဤလုပ်ဆောင်မှုအတွက် မိနစ် (၃၀) ခန့် အချိန်ယူရပါမည်။

လုပ်ဆောင်ရန် (၅) မင်း ပြောကြည့်ပါ။

လုပ်ဆောင်ရန် (၅)

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအကြောင်း၊ ထိုချစ်ခြင်းမေတ္တာတော်အား ဆုံးရှုံးရမည်ကို စိုးရိမ်ပူပန်မှုများ ကြောက်လန့်မှုများအကြောင်း ထိုချစ်ခြင်းနှင့် ပတ်သက်၍ ခံစားရသော ဝမ်းမြောက်ပျော်ရွှင်မှုများအကြောင်း ကလေးများအား သူတို့၏ အတွေးများကို ပွင့်ပွင့်လင်းလင်း ဝေမျှစေပါ။

ဆက်လက် ဆွေးနွေးရန် အောက်ပါအကြောင်းအရာများကို အသုံးပြုနိုင်ပါသည်။

ကျေးဇူးတော်ဆိုသည်မှာ ချစ်ခြင်းမေတ္တာနှင့် ထိုက်တန်ရန် တခုခု လုပ်ဆောင်ဖို့ မလိုဘဲ အချစ်ခံနေရခြင်းကို ဆိုလိုပါသည်။

ထာဝရ မေတ္တာဆိုသည်မှာ အဘယ်နည်း။ မည်သည့်အချိန်တွင်မှ အဆုံးသတ်ခြင်း မရှိသော မေတ္တာကို ဆိုလိုခြင်း ဖြစ်ပါသည်။ ကိုယ် တခုခု မှားယွင်းမိလျှင်တောင် အဆုံးသတ်မသွားပါ။ ကြောက်ရွံ့စိုးရိမ်နေချိန်တွင်လည်း အဆုံးသတ်မသွားပါ။ မိဘများ အလုပ်ပြုတ်သွားလျှင်လည်း အဆုံးသတ်မသွားပါ။ …… လျှင်လည်း အဆုံးသတ် မသွားပါ။ (ကွက်လပ်တွင် ဖြည့်သွင်းခိုင်းပါ။)

မည်သို့ပင် ကြုံစေ ဖြစ်စေကာမူ သခင်ယေရှု၏ မေတ္တာတော်က ဘယ်တော့မှ အဆုံးသတ်ခြင်း မရှိဘဲ ဘယ်တော့မှလည်း လစ်ဟာသွားခြင်း မရှိပါ။

လုပ်ဆောင်ရန် (၆) မင်း ကြားနိုင်ပါသလား။

လုပ်ဆောင်ရန် (၆)

ပုံပြင်များကို ကလေးများ အလွန် နှစ်သက်ကြပါသည်။ ရင်သွေးများအား ပုံပြင် ဖတ်ပြပြီး မေးခွန်းများ မေးပါ။ *(၁၅ မိနစ်)*

အချို့ကို ရွေးထုတ်၍ ထိုဇာတ်လမ်းအတိုင်း ဇာတ်ကောင်များအဖြစ် လက်တွေ့ သရုပ်ဆောင်စေပါ။ ပုံမှန် အဝတ်အစားများဖြင့်ပင် အလွန် အလုပ်ဖြစ်ပါသည်။ ဥပမာ တုတ်တချောင်းဖြင့် သိုးထိန်း၏ တောင်ဝှေး၊ ခေါင်းမြီးခြုံခြင်းဖြင့် ကျမ်းစာခေတ် လူများ၏ ဝတ်ပုံစားပုံအတိုင်း ပြုလုပ်နိုင်ပါပြီ။

ပုံပြင်ပြန်ပြောခြင်း ကစားနည်းကို လုပ်ဆောင်ပါ။ ဇာတ်လမ်းတပုဒ်ကို ရိုးရှင်းစွာ ပြောပြပြီး ကလေးများအား ပြန်ပြောကြည့်စေပါ။ ကလေး ရှစ်ဦးလျှင် အဖွဲ့တဖွဲ့ ခွဲ၍ ပထမဆုံး ကလေးကို ဘောလုံး ပစ်ပေးလိုက်ပါ။ ပထမကလေးသည် ဇာတ်လမ်း၏ ပထမဆုံးတစ်ကြောင်းကို ပြော၍ ဘောလုံးကို နောက်တဦးသို့ လှမ်းလိုက်ပါ။ ဘောလုံး ရရှိသော ကလေးသည် နောက်တစ်ကြောင်း ထပ်ပြော၍ နောက်တဦးသို့ ဆက်ကမ်းပေးပါ။ ဤသို့ တစ်ကြောင်း ပြောပြလိုက် လက်ကမ်းပေးလိုက်ဖြင့် ပြီးဆုံးသည်အထိ လုပ်ဆောင်ပါ။

လုပ်ဆောင်ရန် (၇) မင်း လုပ်နိုင်သလား။
APPLICATION

လုပ်ဆောင်ရန် (၇)

ဆွေးနွေးရန် အချိန်။ အောက်ပါမေးခွန်းများအတိုင်း ဆွေးနွေးပါ၊ သို့မဟုတ် မိမိဘာသာ ခေါင်းစဉ်များ ဖန်တီးပါ။

ယနေ့သင်ယူခဲ့သည်ကို ကျွန်ုပ်၏ အသက်တာ၌ မည်ကဲ့သို့ လက်တွေ့ အသုံးချနိုင်မည်နည်း။
ကျေးဇူးတော်ကို မည်ကဲ့သို့ မျက်မြင်ကိုယ်တွေ့ ခံစားဖူးပါသနည်း။
အခြားသူများအား ကျေးဇူးတော်အကြောင်း ပြသရန် မည်သည့်ကိစ္စတခုကို ကျွန်ုပ် လုပ်ဆောင်နိုင်ပါသနည်း။

လုပ်ဆောင်ရန် (၈) ဆော့ကစားရအောင် (DJ’S GAMES from GameLife)

လုပ်ဆောင်ရန် (၈)

“သိုးထိန်းနှင့် သိုး

(၁) အရေးကြီးသောအချက်။ ဤကစားနည်းအတွက် အနားလေးဖက် ကာရံထားပြီး သိုးများ၊ ဝံပုလွေများနှင့် သိုးထိန်းများဟူ၍ ပါဝင်ကစားရပါမည်။

(၂) စတုရန်းကြီးကြီး တခုရေးဆွဲ၍ ကစားရမည့် နယ်နိမိတ်များကို ကလေးများအား ပြသပါ။ စတုရန်းကြီး၏ ဗဟိုတွင် စတုရန်းငယ်တခု ရှိပြီး ထိုနေရာတွင် ပျောက်သောသိုး ရှိနေရပါမည်။ ပျောက်သောသိုးကို ဝံပုလွေ ခြောက်ကောင်က စောင့်ကြပ်ရပါမည်။ ကလေးများကို အဖွဲ့လေးဖွဲ့ခွဲ၍ တဖက်စီတွင် တသင်းစီ နေရာယူထားရပါမည်။ (ဆယ်ယောက်ထက် နည်းလျှင် နှစ်ဖွဲ့သာ ခွဲပါ။)

(၃) အဖွဲ့လေးဖွဲ့ခွဲ နေရာယူပြီးသည့်အခါ အနားတဖက်စီရှိ တဦးစီကို နံပတ်စဉ် သတ်မှတ်ပေးရပါမည်။ တဖွဲ့စီတွင် နံပတ်တစ်၊ နှစ်၊ သုံး စသဖြင့် ရှိထားရပါမည်။

(၄) ဦးဆောင်သူက နံပါတ်တစ်ဟု အချက်ပေးလိုက်လျှင် အဖွဲ့လိုက် နံပါတ်တစ်များက စတုရန်းဗဟိုရှိ ပျောက်သောသိုးကို သွားရောက်ဆွဲခေါ်ရပါမည်။ အကယ်၍ ကြားရှိ ဝံပုလွေက မိသွားလျှင် နောက်တလှည့်အထိ ကစားခွင့် မရှိတော့ပါ။

(၅) အရေးကြီးသောအချက်။ ကယ်ဆယ်သူများထက် ဝံပုလွေများက ပိုများပါစေ။

(၆) ဝံပုလွေများက များလွန်းသဖြင့် ပျောက်သောသိုးကို မကယ်တင်နိုင်ဘဲ ရှိရပါမည်။

(၇) အရေးကြီးသောအချက်။ အထက်ပါအတိုင်း ထပ်မံ ကစားပါ။ ဤတကြိမ်တွင် သိုးထိန်းတဦး ပါဝင်လာပါမည်။ သိုးထိန်းက ဝံပုလွေတွေ ထွက်သွား၊ သိုးတွေ အိမ်မှာနေဟု အမိန့်ပေးလျှင် ဝံပုလွေများက ထိုင်ချလိုက်ပြီး သိုးများက ပြန်၍ နေရာယူကြရပါမည်။

- **လက်တွေ့အသက်တာအတွက် သင်ခန်းစာ။ သိုးများအားလုံး အိမ်တွင် ဘေးကင်းလုံခြုံစွာ ရှိနေရန် ကောင်းသော သိုးထိန်းက အမြဲတမ်း ဂရုစိုက်စောင့်ရှောက်ပါသည်။**

လုပ်ဆောင်ရန် (၉) လေ့ကျင့်ခန်း:T

လုပ်ဆောင်ရန် (၉)

လေ့ကျင့်ခန်းများကို မိတ္တူပွားထားပါ။ ကလေးတဦးလျှင် တရွက်စီ ဝေငှပေးပါ။ စာရေးကိရိယာများ၊ ရောင်စုံခဲတံများ အသင့်ပြင်ထားပါ။ ဖော်ပြထားသည့်အတိုင်း လုပ်ဆောင်နိုင်သလို မိမိဘာသာလည်း ဖန်တီးနိုင်ပါသည်။ သက်ဆိုင်ရာ အဓိကအချက်အလိုက် မေးခွန်းများက ပြောင်းလဲသွားပါမည်။

(၁) ဆုတောင်းချက် ပထမစာကြောင်းကို မှတ်မိပါသလား။ အောက်တွင် ချရေးပါ။

(၂) အောက်ပါကွက်လပ်များကို ဖြည့်ပါ။

(၁ ယော ၃:၁) ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်ခြင်းအခွင့်ကို ရမည့်အကြောင်း ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့။

(၃) ဘုရားသခင်၏ သားသမီးဖြစ်ခွင့်ရခြင်းသည် အဘယ်အတွက်ကြောင့် ဖြစ်သည်ကို မိမိ နားလည်သလို ပြန်ပြောပြပါ။

(၄) သခင်ယေရှုက သင့်ကို အမည်နှင့်တကွ၊ သင့်အကြောင်းအားလုံး သိပါသည်။ ထိုအချက်ကြောင့် မည်ကဲ့သို့ ခံစားရသည်ကို စာဖြင့် ရေးပြ သို့မဟုတ် ရုပ်ပုံ ရေးဆွဲ၍ ဖော်ပြနိုင်ပါမည်လား။

(၅) တုံ့ပြန်ရန်အချိန်

ကျေးဇူးသိတတ်ခြင်းသည် အလွန် ကောင်းမွန်ပါသည်။ ထိုအတွက် သခင်ယေရှုလည်း နှစ်သက်ပါသည်။ သခင်ယေရှုကို ကျေးဇူးတင်ကြောင်း ရေးသားဖော်ပြနိုင်ပါမည်လား။ (ကျေးဇူးတင်ကြောင်း ကဒ်ပြားတခု ပြုလုပ်ရန် ရောင်စုံခဲတံနှင့် လိုအပ်သောစာရေးကိရိယာများကို ပြင်ဆင်ထားပေးပါ။ သို့မဟုတ် အခြား လက်မှုအနုပညာတခု ဖန်တီးနိုင်ပါသည်။)

လုပ်ဆောင်ရန် (၁၀) သီချင်းကဗျာ

လုပ်ဆောင်ရန် (၁၀)

ကလေးများက သီချင်းကဗျာကိုလည်း အလွန် နှစ်သက်ပါသည်။ ဤနည်းဖြင့် သူတို့၏ ခံစားချက်များကို ဖော်ပြနိုင်ကြပါသည်။ ဂီတတူရိယာများကို ပြင်ဆင်ထားပေးပါ။ အိမ်တွင် ပြုလုပ်ထားသော တူရိယာများကိုလည်း အသုံးပြုနိုင်ပါသည်။ တဦးက ဦးဆောင်၍ အခြားသူများကလည်း ပါဝင်ဆောင်ရွက်စေပါ။ ဦးဆောင်သူများကို အလှည့်ကျ ပြောင်းလဲပေးပါ။ ကျေးဇူးတော်နှင့် ပတ်သက်ပြီး ကလေးများက သူတို့ကိုယ်ပိုင် သီချင်းကဗျာများကို ဖန်တီးနိုင်ပါသည်။

ကျေးဇူးတော်

အဘဘုရား၊ ကျွန်ုပ်ကို ချစ်တော်မူသည့်အပြင်
ကိုယ်တော်၏ ရင်သွေးတဦး ဖြစ်ခွင့်
ရသည့်အတွက် ကျေးဇူးတော်ကို ချီးမွမ်းပါ၏။



ပျောက်သောသိုး ဥပမာ (လု ၁၅း ၁-၇)

၁ ယော ၃:၁

ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်ခြင်းအခွင့်ကို ရမည့်အကြောင်း ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့။ (၁ ယော ၃:၁)

ကျေးဇူးတော်

မင်း ပြောနိုင်သလား။

အဘဘုရား၊ ကျွန်ုပ်ကို ချစ်တော်မူသည့်အပြင် ကိုယ်တော်၏ ရင်သွေးတဦး ဖြစ်ခွင့် ရသည့်အတွက် ကျေးဇူးတော်ကို ချီးမွမ်းပါ၏။

၁ ယော ၃:၁
ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်ခြင်းအခွင့်ကို ရမည့်အကြောင်း ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့။

မင်း ရှာတွေ့ပါသလား။

ယော ၃:၁၆
၁ ယော ၄:၁၀
ရော ၈:၃၈-၃၉

မင်း ခံစားမိပါသလား။

ကျွန်ုပ်တို့ကို ဘုရားသခင် ချစ်ကြောင်း မည်ကဲ့သို့ သိရှိနိုင်မည်နည်း။

သင်၏ ချစ်ခြင်းမေတ္တာကို မည်ကဲ့သို့ ပြသနိုင်မည်နည်း။

မည်သည့်အရာကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားသမီးများ ဖြစ်လာပါသနည်း။

မည်သည့်အရာကြောင့် သင့်ကို ချစ်ကြောင်း ခံစားရသနည်း။

ကျေးဇူးတော်

ဆုတောင်းရန် အဖွဲ့ခွဲ လုပ်ဆောင်ခြင်း

အကယ်၍ အရေအတွက်များလျှင် အဖွဲ့ငယ်များ ခွဲ၍ ***ကောင်းကင်ဘုံ၌ ရှိတော်မူသော အဘ၊ ကျွန်ုပ်ကို ချစ်တော်မူပြီး ကိုယ်တော်၏ သားသမီး ဖြစ်ခွင့်ရသည့်အတွက် ကျေးဇူးတင်ပါ၏*** ဟူ၍ အစပြုပါ။ ထိုစာကြောင်းကို ကလေးများအား လိုက်ဆိုစေပါ။ ထို့နောက် သားသမီးဖြစ်ခွင့်ရသည့်အတွက် ကိုယ် မည်မျှ သဘောကျကြောင်း၊ ဘုရားသခင်၏ ထာဝရ မေတ္တာက ကိုယ့်အတွက် မည်မျှ အဓိပ္ပါယ်ရှိကြောင်း၊ ထိုချစ်ခြင်းမေတ္တာအတွက် ကျေးဇူးတင်ကြောင်း တဦးချင်း တိုတိုတုတ်တုတ် ဆုတောင်းစေပါ။ နမူနာသင်ခန်းစာတွင် ဖော်ပြထားသော ဘုရားသခင်၏ နာမတော်များ၊ ဂုဏ်တော်များကို ကြွေးကြော်၍လည်း ဆုတောင်းနိုင်ပါသည်။ အကယ်၍ အရေအတွက်နည်းလျှင် တဦးနှင့်တဦး လက်တွဲကာ စက်ဝိုင်းပုံ နေရာယူ၍ လုပ်ဆောင်နိုင်ပါသည်။ ကလေးများသည် ဆုတောင်းရာတွင် ဦးဆောင်လိုပြီး သူတို့အားလုံးလည်း ထိုသို့ လုပ်ဆောင်နိုင်ကြပါသည်။

ပြောပါ။

- ကျေးဇူးတော်ဆိုသည်မှာ ချစ်ခြင်းမေတ္တာနှင့် ထိုက်တန်အောင် တခုခု လုပ်ဆောင်ခြင်း မရှိဘဲ ချစ်ခြင်းမေတ္တာကို ခံစားရခြင်းကို ဆိုလိုပါသည်။
- ကျွန်ုပ်တို့ကို ဖန်ဆင်းပြီး ပြုစုစောင့်ရှောက်ခြင်း၊ သားတော် သခင်ယေရှုကို စေလွှတ်၍ ကျွန်ုပ်တို့အတွက် အသေခံခြင်း တို့ကို ထောက်ရှုလျှင် ဘုရားသခင်က ကျွန်ုပ်တို့ကို ချစ်ကြောင်း သိရှိနိုင်ပါသည်။
- ထာဝရမေတ္တာဆိုသည်မှာ အဘယ်ကို ဆိုလိုသည်ကို သိရှိပါသလား။ အဆုံးသတ် မရှိသော ချစ်ခြင်း မေတ္တာကို ဆိုလိုခြင်း ဖြစ်ပါသည်။ နှစ်သန်းပေါင်းများစွာ ကြာသော်လည်း အဆုံးသတ်ခြင်း မရှိပါ။
- သင် တစုံတရာ မှားလျှင်လည်း အဆုံးမသတ်ပါ။
- သင် စိုးရိမ်ကြောက်ရွံ့လျှင်လည်း အဆုံးမသတ်ပါ။
- သင့်မိတ်ဆွေများ အလုပ်ပြုတ်သွားလျှင်လည်း အဆုံးမသတ်ပါ။
- သင် ကျောင်းတွင် အဆင့်မကောင်းလျှင်လည်း အဆုံးမသတ်ပါ။
- ည်သို့ပင် ဖြစ်စေ ကြုံစေကာမူ သခင်ယေရှု၏ မေတ္တာက ဘယ်တော့မှ
- အဆုံးသတ်ခြင်း၊ လစ်ဟာသွားခြင်း မရှိပါ။

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအကြောင်း၊ ထိုချစ်ခြင်းမေတ္တာတော်အား ဆုံးရှုံးရမည်ကို စိုးရိမ်ပူပန်မှုများ ကြောက်လန့်မှုများအကြောင်း ထိုချစ်ခြင်းနှင့် ပတ်သက်၍ ခံစားရသော ဝမ်းမြောက် ပျော်ရွှင်မှုများအကြောင်း ကလေးများအား သူတို့၏ အတွေးများကို ပွင့်ပွင့်လင်းလင်း ဝေမျှစေပါ။

ကျေးဇူးတော်

မင်း ကြားပါသလား

ပျောက်သောသိုး ဥပမာ (လု ၁၅:၁-၇)

ဘုရားသခင်သည် သူတို့ကို အဘယ်မျှ ချစ်ကြောင်း လူတိုင်း သိရှိစေရန် သခင်ယေရှုက အလိုတော်ရှိခဲ့ပါသည်။ ထို့ကြောင့် သိုးထိန်းနှင့် ပျောက်သောသိုး ဥပမာကို ကိုယ်တော်က မိန့်တော်မူခဲ့ပါသည်။ ပျောက်သောသိုးအတွက် သိုးထိန်းသည် အလွန် စိုးရိမ်ပြီး ကျန်သည့် သိုးများကို ထားပစ်ခဲ့ကာ ပျောက်သောသိုးကို လိုက်ရှာခဲ့ပါသည်။ သိုးထိန်းက ထိုသိုးလေးကို ဘေးကင်းလုံခြုံစေချင်သောကြောင့်ပါ။ သိုးများသည် မိမိဘာသာမိမိ ရပ်တည်နိုင်စွမ်း မရှိသော်လည်း တခါတရံတွင် သူတို့ စိတ်ကြိုက် ခြေဦးတည့်ရာ လျှောက်သွားတတ်ကြပါသည်။ ထိုအခါ ခြသေ့်များ၊ ဝက်ဝံများ၏ စားခြင်းကို ခံရနိုင်ပါသည်။ သိုးထိန်း၏ တာဝန်မှာ သိုးများ အန္တရာယ် မရှိအောင် ကာကွယ်ပေးဖို့ ဖြစ်ပြီး ထိုအတိုင်းလည်း အမှန်တကယ် လုပ်ဆောင်ပါသည်။ ပျောက်သော သိုးလေးကို ပြန်တွေ့သောအခါ သိုးထိန်းသည် အလွန်ပျော်ရွှင်၍ အပြန်လမ်း တလျှောက်လုံး ပွေ့ချီလာခဲ့ပါသည်။ အိမ်တွင်လည်း ဝမ်းမြောက်ဝမ်းသာဖြင့် ပွဲကျင်းပပါသည်။ ကောင်လေးဖြစ်စေ၊ ကောင်မလေးဖြစ်စေ သခင်ယေရှုကို ကယ်တင်ရှင်အဖြစ် လက်ခံယုံကြည်သောအခါ မည်ကဲ့သို့ ဖြစ်လာသည်ကို သခင်ယေရှုက မိန့်တော်မူခဲ့ပါသည်။ ထိုအခါ ပျောက်ဆုံးရာမှ ပြန်တွေ့သူ ဖြစ်လာပါသည်။ ထို့အတွက် ကောင်းကင်ဘုံ၌ပင် ကြီးမားသော ဝမ်းမြောက်ပျော်ရွှင်ခြင်းဖြင့် ပွဲကျင်းပကြပါသည်။ ကျွန်ုပ်တို့ကြောင့် ကောင်းကင်အဘ မည်ကဲ့သို့ ဝမ်းမြောက်ရသည်ကို ဇေဖနိ ၃ :၁၇ တွင် ဖော်ပြထားပါသည်။ "တန်ခိုးကြီးသော ဘုရားသည် သင့်ကို ကယ်တင်တော်မူလိမ့်မည်။ သင်၌ အားရဝမ်းမြောက်တော်မူလိမ့်မည်။ ချစ်ခြင်းမေတ္တာ၌ ကျိန်းဝပ်၍ သီချင်းဆိုခြင်းနှင့်တကွ သင်၌ ဝမ်းမြောက်တော်မူလိမ့်မည်။" ထို့အတွက်ကြောင့် သင်ကော မည်ကဲ့သို့ ခံစားရပါသလဲ။

မင်း လုပ်နိုင်ပါသလား

- သခင်ယေရှုသည် သင့်အပြစ်များအတွက် အသေခံတော်မူပြီး သင်၏ နှလုံးသားထဲတွင် ရှင်သန်နေသည်ကို ယုံကြည်ပါ။
- ကိုယ်တော်၏ ကျေးဇူးတော်ကြောင့် ချစ်တော်မူသော သားသမီးများ ဖြစ်ခွင့်ရသည်ကို ယုံကြည်ပါ။
- မည်သို့ပင်ဖြစ်စေ ကိုယ်တော်၏ မေတ္တာတော်က အဆုံးသတ် မရှိကြောင်း ယုံကြည်ပါ။
- ယနေ့ပင် ကျေးဇူးတော် သတင်းကောင်းကို အခြားသူတဦးအား မျှဝေပေးရန် သင့်အား ဘုရားသခင်က အသုံးပြုနိုင်သည်ကို ယုံကြည်ပါ။

ကျေးဇူးတော်

ဆော့ကစားရအောင်

သိုးထိန်းနှင့် သိုး

၁. အရေးကြီးသောအချက်။ ဤကစားနည်းအတွက် အနားလေးဖက် ကာရံထားပြီး သိုးများ၊ ဝံပုလွေများနှင့် သိုးထိန်းများဟူ၍ ပါဝင်ကစားရပါမည်။

၂. စတုရန်းကြီးကြီး တခုရေးဆွဲ၍ ကစားရမည့် နယ်နိမိတ်များကို ကလေးများအား ပြသပါ။ စတုရန်းကြီး၏ ဗဟိုတွင် စတုရန်းငယ်တခု ရှိပြီး ထိုနေရာတွင် ပျောက်သောသိုး ရှိနေရပါမည်။ ပျောက်သောသိုးကို ဝံပုလွေ ခြောက်ကောင်က စောင့်ကြပ်ရပါမည်။ ကလေးများကို အဖွဲ့လေးဖွဲ့ခွဲ၍ တဖက်စီတွင် တသင်းစီ နေရာယူထားရပါမည်။ (ဆယ်ယောက်ထက် နည်းလျှင် နှစ်ဖွဲ့သာ ခွဲပါ။)

၃. အဖွဲ့လေးဖွဲ့ခွဲ နေရာယူပြီးသည့်အခါ အနားတဖက်စီရှိ တဦးစီကို နံပတ်စဉ် သတ်မှတ်ပေးရပါမည်။ တဖွဲ့စီတွင် နံပတ်တစ်၊ နှစ်၊ သုံး စသဖြင့် ရှိထားရပါမည်။

၄. ဦးဆောင်သူက နံပါတ်တစ်ဟု အချက်ပေးလိုက်လျှင် အဖွဲ့လိုက် နံပါတ်တစ်များက စတုရန်းဗဟိုရှိ ပျောက်သောသိုးကို သွားရောက်ဆွဲခေါ်ရပါမည်။ အကယ်၍ ကြားရှိ ဝံပုလွေက မိသွားလျှင် နောက်တလှည့်အထိ ကစားခွင့် မရှိတော့ပါ။

၅. အရေးကြီးသောအချက်။ ကယ်ဆယ်သူများထက် ဝံပုလွေများက ပိုများပါစေ။

၆. ဝံပုလွေများက များလွန်းသဖြင့် ပျောက်သောသိုးကို မကယ်တင်နိုင်ဘဲ ရှိရပါမည်။

၇. အရေးကြီးသောအချက်။ အထက်ပါအတိုင်း ထပ်မံ ကစားပါ။ ဤတကြိမ်တွင် သိုးထိန်းတဦး ပါဝင်လာပါမည်။ သိုးထိန်းက ဝံပုလွေတွေ ထွက်သွား၊ သိုးတွေ အိမ်မှာနေဟု အမိန့်ပေးလျှင် ဝံပုလွေများက ထိုင်ချလိုက်ပြီး သိုးများက ပြန်၍ နေရာယူကြရပါမည်။

- **လက်တွေ့အသက်တာအတွက် သင်ခန်းစာ။ သိုးများအားလုံး အိမ်တွင် ဘေးကင်းလုံခြုံစွာ ရှိနေရန် ကောင်းသော သိုးထိန်းက အမြဲတမ်း ဂရုစိုက်စောင့်ရှောက်ပါသည်။**

မေးခွန်းများ

၁. ပထမအကြိမ် ဆော့ကစားစဉ် သိုးလေးကို ဝံပုလွေများ လက်မှ ကယ်တင်နိုင်ခဲ့ပါသလား။ (မကယ်တင်နိုင်ခဲ့ပါ။) အဘယ်ကြောင့်နည်း။

၂. သိုးဘယ်နှကောင်ကို သိုးထိန်းကြီး လိုက်ရှာခဲ့သည်ဟု ကျမ်းစာတွင် ဖော်ပြထားသနည်း။ တစ်ကောင်တည်း ဖြစ်ပါသည်။ သင်တို့သည် တကောင်တည်းသော ပျောက်သောသိုးလေးဖြစ်ပြီး ကောင်းသောသိုးထိန်းကြီး သခင်ယေရှုက လိုက်လံရှာဖွေမည်ကို သားသားမီးမီးတို့ သိပါသလား။ သခင်ယေရှုက သင့်အား အမြဲတမ်း လိုက်လံရှာဖွေမည်ကို သိရှိရသောကြောင့် မည်ကဲ့သို့ ခံစားရပါသနည်း။

၃. ဆုတောင်းကြပါစို့။ နောက်မှလိုက်ဆိုပေးပါ။ အဘဘုရား ပျော်ရွှင်စွာ ဆော့ကစားခွင့် ရသောကြောင့် ကျေးဇူးတင်ပါ၏။ တခုခုကို မကြိုးစားဘဲ ထိုက်တန်အောင် မလုပ်ဘဲ ရခြင်းကို ကျေးဇူးတော်ဟု ခေါ်ကြောင်း ကျွန်ုပ်တို့အား သဘောပေါက်စေပါ။ ၎င်းသည် လက်ဆောင်သက်သက် ဖြစ်ပါ၏။ ခဏရပ်ပြီး ဘုရားသခင်က ကျွန်ုပ်တို့အား ဘာတွေ ပြောသလဲဆိုတာ နားထောင်ကြပါစို့။ ထိုကျေးဇူးတော်လက်ဆောင်ကို ကျွန်ုပ်တို့ ယခင်က တောင်းခံခဲ့ဖူးပါသလား။ (ခေတ္တရပ်နားပါ။) အဘဘုရား ကိုယ်တော်၏ သားသမီး ဖြစ်ခွင့်ရခြင်းအတွက် ကျေးဇူးတင်ပါ၏။ ကျွန်ုပ်သည် ဘုရားသားသမီး ဖြစ်ပါသည်။

ဦးဆောင်သူ၊ ဤဆုတောင်းချက်သည် နောက်မှ လိုက်ဆိုရန် ဖြစ်ပါသည်။ သားသားမီးမီးများ နောက်မှ လိုက်ဆိုပေးကြပါ။
ဦးဆောင်သူ၊ ဘုရားသခင်က ကလေးတဦးချင်းစီတိုင်း၏ နှလုံးသား၌ စကားပြောရန် အချိန် (၁၀) စက္ကန့်ခန့် ရပ်နားကြပါစို့။
ဆုတောင်းချိန်တွင် ကလေးသူငယ်များ စကားပြောတတ်စေရန်နှင့် နားထောင်တတ်စေရန် ကျွန်ုပ်တို့ သင်ကြားပေးနေခြင်း ဖြစ်ပါသည်။

©2018 The Prayer Covenant for Children/Games provided by GameLife77.com. All rights reserved.

ကျေးဇူးတော်

လေ့ကျင့်ခန်း

၁ “ကျေးဇူးတော်” ဆုတောင်းချက်၏ ပထမစာကြောင်းကို မှတ်မိပါသလား။ အောက်တွင် ချရေးပါ။
အောက်ပါကွက်လပ်များကို ဖြည့်ပါ။

၂ အောက်ပါကွက်လပ်များကို ဖြည့်ပါ။

၁ ယော ၃:၁ ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်ခြင်းအခွင့်ကို ရမည့်အကြောင်း ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့။

၃ ဘုရားသခင်၏ သားသမီးဖြစ်ခွင့်ရခြင်းသည် အဘယ်အတွက်ကြောင့် ဖြစ်သည်ကို မိမိ နားလည်သလို ပြန်ပြောပြပါ။

၄ သင်၏ မိတ်ဆွေများကဲ့သို့ပင် သခင်ယေရှုက သင့်ကို အမည်နှင့်တကွ၊ သင့်အကြောင်းအားလုံး သိပါသည်။
ထိုအချက်ကြောင့် မည်ကဲ့သို့ ခံစားရသည်ကို စာဖြင့် ရေးပြ သို့မဟုတ် ရုပ်ပုံ ရေးဆွဲ၍ ဖော်ပြနိုင်ပါမည်လား။

၅ တုံ့ပြန်ရန်အချိန်
ကျေးဇူးသိတတ်ခြင်းသည် အလွန် ကောင်းမွန်ပါသည်။ ထိုအတွက် သခင်ယေရှုလည်း နှစ်သက်ပါသည်။
သခင်ယေရှုကို ကျေးဇူးတင်ကြောင်း ရေးသားဖော်ပြနိုင်ပါမည်လား။

ကျေးဇူးတော်

တေးကဗျာ သီဆိုရန်

ဘုရင်တကာ ဘုရင်တို့ရဲ့ ဘုရင်၏ သားသမီးတွေက ဘယ်သူလဲ။

သားသားတို့ မီးမီးတို့ပါ။

ထာဝရကာလအတွက် အဖိုးတန်ဆုံး အရာက ဘယ်သူလဲ။

သားသားတို့ မီးမီးတို့ပါ။

ကျေးဇူးတော်အားဖြင့် ကယ်တင်ပြီး အသွေးတော်အားဖြင့် အပြစ်လွှတ်ခြင်း ခံရတာ ဘယ်သူလဲ။

သားသားတို့ မီးမီးတို့ပါ။

အတောင်တော်နဲ့ ဖုံးအုပ်ပြီး ကာကွယ်ခံရတာ ဘယ်သူလဲ။

သားသားတို့ မီးမီးတို့ပါ။

အဆုံးမရှိတဲ့ ကိုယ်တော်ရဲ့ မေတ္တာတော်ကို ပိုင်ဆိုင်ထားတာ ဘယ်သူလဲ။

သားသားတို့ မီးမီးတို့ပါ။

အမြင့်ဆုံးသော ဘုရားရဲ့ သားသမီးတွေက ဘယ်သူလဲ။

အာမင်။

ဦးဆောင်သူက တကြောင်းဆိုပြလိုက်၊ ကလေးများက နောက်တကြောင်းဆိုလိုက်ဖြင့် လုပ်ဆောင်ရပါမည်။ ထို့နောက် ကလေးများအား မိမိတို့ဘာသာ တေးကဗျာတပုဒ် စပ်ဆိုကြည့်ရန် တိုက်တွန်းပါ။ သူတို့ အကြံပြုသမျှကို သင်ပုန်းပေါ်တွင် ချရေးပေးပါ။ သူတို့ကိုယ်တိုင် စပ်ဆိုထားသော သီချင်းကဗျာကြောင့် ကလေးများ မည်မျှ တတ်ကြွလာသည်ကို ကြည့်ရှုလိုက်ပါ။

ချစ်ခြင်းမေတ္တာ

ကိုယ်တော့်ကို ချစ်ပြီး
မိန့်တော်မူသမျှအတိုင်း
နာခံလိုက်လျှောက်နိုင်စေရန်
မစတော်မူပါ။



အာဗြံဟံအကြောင်း (က ၁၂:၁-၅)

မ ၂၂:၃၇၊ ၃၈

သင်၏ ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှနှင့် ချစ်လော့။ ဟူသော ပညတ်သည် ပထမပညတ်ဖြစ်၏၊ ကြီးသော ပညတ်လည်း ဖြစ်၏။

ချစ်ခြင်းမေတ္တာ

မင်း ပြောနိုင်သလား။

ကိုယ်တော့်ကို ချစ်ပြီး မိန့်တော်မူသမျှအတိုင်း နာခံလိုက်လျှောက်နိုင်စေရန် မစတော်မူပါ။

မ ၂၂:၃၇၊ ၃၈
သင်၏ ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှနှင့် ချစ်လော့။ ဟူသော ပညတ်သည် ပဌမပညတ်ဖြစ်၏၊ ကြီးသော ပညတ်လည်း ဖြစ်၏။

မင်း ရှာတွေ့ပါသလား။

တရား ၇:၉
ယောဘ ၁၄:၁၅
၂ ယောဟ ၁:၆
ကောလော ၃:၂၀

မင်း ခံစားမိပါသလား။

နာခံခြင်းဆိုသည်မှာ အဘယ်နည်း။

နာခံခြင်းထက် ချစ်ခြင်းက ပို၍ အရေးကြီးပါသလား။

အဘယ်ကြောင့် ချစ်ခြင်းက နာခံခြင်းနှင့် ဆက်စပ်နေပါသနည်း။

ချစ်ခြင်းမေတ္တာ

ဆုတောင်းရန် အဖွဲ့ခွဲ လုပ်ဆောင်ခြင်း

ကိုယ်တော်ကို ချစ်၍ နာခံလိုက်လျှောက်စေရန် မစတော်မူပါ ဟူသော ဆုတောင်းချက်ဖြင့် နောက်တကြိမ် ဆုတောင်းရန် ကလေးများကို ဦးဆောင်ပေးပါ။ ကလေးများအား နောက်မှ လိုက်လံ ရွတ်ဆိုစေပါ။ ချစ်ခြင်းမေတ္တာအကြောင်း၊ နာခံခြင်းအကြောင်း လေ့လာရာတွင် ဘုရားသခင် ကူညီတော်မူမည့်အကြောင်း ကလေးများအား သူတို့၏ ကိုယ်ပိုင်စကားလုံးဖြင့် တိုတိုတုတ်တုတ် ဆုတောင်းကြစေပါ။ နမူနာ သင်ခန်းစာတွင် ဖော်ပြထားသော ဘုရားသခင်၏ ဂုဏ်တော်၊ နာမတော်များကို ခေါ်၍ တောင်းလျှောက်နိုင်ပါသည်။

ပြောပါ။

- သင့်မိတ်ဆွေများကို နာခံရန် သခင်ယေရှုက အလိုတော် ရှိပါသည်။
- ကိုယ်တော်ကို နာခံရန် သခင်ယေရှုက အလိုတော် ရှိပါသည်။ ဤသို့ဖြစ်လျှင် ကိုယ်တော် ဝမ်းမြောက်ပါသည်။
- အရာရာတိုင်း၌ ဘုရားသခင်ကို နာခံခြင်းဖြင့် ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာကို ပြသနိုင်ပါသည်။
- နာခံခြင်းနောက်တွင် ကောင်းကြီးမင်္ဂလာများ ရှိကြောင်း အောက်ပါအကြောင်းအရာတွင် တွေ့ရပါလိမ့်မည်။
- သခင်ယေရှုနောက် နာခံလိုက်လျှောက်ခြင်းအားဖြင့် စိတ်လှုပ်ရှားဖွယ် အသက်တာခရီးကို ပိုင်ဆိုင်နိုင်ပါသည်။

ဤနေရာတွင် နာခံခြင်းနှင့် ပတ်သက်ပြီး စတင် ဆွေးနွေးနိုင်ပါသည်။ မိဘများအား နာခံပြီး စကားနားထောင်ခြင်းသည် ဘုရားသခင်ကို နာခံခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အရာရာ၌ မိဘစကားကို နားထောင်ရမည်ဟု ဘုရားသခင်က မိန့်တော်မူထားသောကြောင့် ဖြစ်ပါသည်။ နာခံလိုက်လျှောက်ရန် ကြုံတွေ့ရသော အခက်အခဲများအကြောင်း ကလေးများက ပွင့်လင်းစွာ ဆွေးနွေးစေပါ။ နာခံခြင်းအားဖြင့် ရရှိလာမည့် ကောင်းကြီးမင်္ဂလာများအကြောင်းလည်း ဆွေးနွေးပါ။ ချစ်ခြင်းမေတ္တာနှင့် နာခံခြင်းတို့ မည်ကဲ့သို့ ဆက်စပ်နေသည်ကို နားလည်စေရန် အဆုံးသတ်တွင် ပြောပြပေးပါ။

ချစ်ခြင်းမေတ္တာ

မင်း ကြားပါသလား

အာဗြဟံအကြောင်း (က ၁၂:၁-၅)

လွန်ခဲ့သော နှစ်ပေါင်းများစွာက အာဗြဟံ နေထိုင်ခဲ့ပါသည်။ သူ အသက်ကြီးလာသောအခါ ဘုရားသခင်က "မင်းရဲ့မိသားစု၊ ဆွေမျိုးတွေနဲ့ ပြည်ကို ထားပြီး ထွက်သွားပါ။ ငါ ပြမည့် ပြည်ကို သွားရမယ်" ဟု သူ့အား မိန့်တော်မူပါသည်။ "ငါသည် သင့်ကို ကောင်းကြီးပေး၍ သင့်ကို လူမျိုးကြီး ဖြစ်စေမည်။ သင်၏ နာမသည်လည်း ကြီးမြတ်၍ သူတပါးအတွက် ကောင်းကြီး ဖြစ်လိမ့်မည်။ မြေကြီးသား အပေါင်းတို့သည်လည်း သင့်အားဖြင့် ကောင်းကြီး ဖြစ်လိမ့်မည်" လို့ မိန့်တော်မူခဲ့ပါသည်။

အာဗြဟံက ထိုအတိုင်း နာခံခဲ့ပါသည်။ ဇနီးသည် ဆာရာ၊ တူဖြစ်သူ လောတတို့နှင့် ပိုင်ဆိုင်သမျှကို ယူပြီး ထွက်လာခဲ့ပါသည်။ သူတို့၏ အိမ်ဖြစ်သော ဟေဖြုန်မြို့မှ အလွန် ကွာဝေးသောအရပ် ကတိထားသော ပြည်သို့ ထွက်လာခဲ့ကြတာပါ။ အာဗြဟံသည် ဘုရားသခင် မိန့်တော်မူသည့်အတိုင်း အဘယ်ကြောင့် လုပ်ဆောင်ခဲ့သည်ဟု ထင်ပါသနည်း။ သူသည် ဘုရားသခင်ကို ချစ်၍ ဘုရားစကားကို နားထောင်ခြင်း ဖြစ်ပါသည်။ ဤကဲ့သို့ နာခံခြင်းသည် သူ၏ အသက်တာ၌ ထပ်မံကြုံတွေ့ရမည့် နာခံခြင်း၊ ချစ်ခြင်း၊ ယုံကြည်ခြင်း ခရီးလမ်းကြီး၏ အစသာ ရှိပါသေးသည်။

မင်း လုပ်နိုင်ပါသလား

- ဘုရားသခင် မိန့်တော်မူသည်ကို နာခံပြီး ဘုရားသခင်ကို ချစ်ကြောင်း ပြသပါ။
- ဘုရားသခင်ကို ထောက်၍ မိဘများကိုလည်း နာခံပါ။
- ဘုရားသခင်ထံ စိတ်နှလုံး အကြွင်းမဲ့ ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသမျှနှင့် ဆက်ကပ်အပ်နှံပါ။

ချစ်ခြင်းမေတ္တာ

ဆော့ကစားရအောင်

နောက်လှည့်မကြည့်နဲ့

၁. ကလေးများကို ဆယ်ယောက်တဖွဲ့ ခွဲလိုက်ပါ။ အဖွဲ့လိုက် တဦးလက်ကို တဦးဆွဲ၍ စက်ဝိုင်းပုံ ပြုလုပ်ပါ။ ထို့နောက် လက်တွဲဖြုတ်ပြီး ညာဘက်လှည့်ကာ တဦးနှင့်တဦး ရှေ့နောက် ဖြစ်သွားပါစေ။

၂. လူတိုင်းကို အမြီး သုံးခုစီ ပေးလိုက်ပါ။ (အဝတ်စ၊ ကြိုးစ စသဖြင့် အလွယ်တကူ ဖြုတ်နိုင်သော ပစ္စည်းများကို အသုံးပြုပါ) ဘောင်းဘီ သို့မဟုတ် ခါးပတ် စသဖြင့် ခါးတွင် အမြီးများကို တပ်ပါ။

၃. ဤကစားနည်း၏ ရည်ရွယ်ချက်မှာ မိမိရှေ့တွင် ရှိသော သူ၏ အမြီးကို လိုက်ဖြုတ်ဖို့ ဖြစ်ပါသည်။ အမြီးများ မရှိတော့သောသူသည် အပြင်ထွက်၍ တလှည့်နားရပါမည်။

၄. အရေးကြီးသောအချက်။ ဤကစားနည်းတွင် အနိုင်ရရန် လျှို့ဝှက်ချက်မှာ နောက်သို့ လှည့်မကြည့်ဘဲ အရှေ့လူကိုသာ အာရုံစိုက်ရန် ဖြစ်ပါသည်။

၅. အရေးကြီးသော အချက်။ အကယ်၍ စက်ဝိုင်းပုံ လှည့်ပတ်ပြေးရာတွင် အခက်အခဲ ရှိပါက (အထူးသဖြင့် လူဦးရေနည်းသောအခါ) လေးထောင့်ပုံ စည်းသတ်မှတ်၍ အတွင်းတွင် လွတ်လပ်စွာ ပြေးလွှားဆော့ကစားနိုင်ပါသည်။ “စ” ဆိုသည်နှင့် မိမိအမြီးကိုလည်း ကာကွယ်ရင်း အခြားသူများ၏ အမြီးများကိုလည်း လိုက်ဖြုတ်ရပါမည်။

၆. ဦးဆောင်သူက “ရပ်” ဟု ပြောသောအခါ အမြီးအများဆုံး ရှိသူက အနိုင်ရပါမည်။

• **လက်တွေ့အသက်တာအတွက် သင်ခန်းစာ။ အာဗြံဟံကို ဘုရားသခင်က အခြားနေရာသစ်ဆီ သွားစေခဲ့ပါသည်။ အာဗြံဟံသည် သူနှင့် ရင်းနှီးပြီးသား အိမ်၊ မိသားစုနှင့် အပေါင်းအသင်းများကို စွန့်ထားခဲ့ရပါသည်။ ဘုရားသခင်၏ စကားကို နားထောင်ပြီး ရှေ့သို့သာ လှမ်းလျှောက်ခဲ့ခြင်းကြောင့် သူ့အား ဘုရားသခင်က ကြွယ်ဝစွာ ကောင်းကြီးပေးတော်မူခဲ့ပါသည်။**

မေးခွန်းများ

၁. ကစားစဉ် ပျော်ရွှင်ကြပါသလား။ ကစားစဉ် အရှေ့သို့ အာရုံစိုက်ရန်သာ အလွန်အရေးကြီးပါသည်။ အနောက်ရှိ မိမိ၏ အမြီးကို အာရုံစိုက်မိလျှင် မည်ကဲ့သို့ ဖြစ်မည်ဟု ထင်ပါသလဲ။ (အရှိန်လျော့သွားပြီး အခြားသူများက မိမိကို မီလာကာ အမြီးဖြုတ်သွားပါလိမ့်မည်။)

၂. ဘုရားသခင်ကို နာခံပြီး ရှေ့သို့သာ အာရုံစိုက်ရန် အာဗြံဟံသည် မည်သည့်အရာများကို စွန့်ပစ်ခဲ့ရသည်ဟု ကျမ်းစာတွင် ဖော်ပြထားပါသနည်း။ (သူ၏ မြေနေရာ၊ အလုပ်အကိုင်နှင့် အပေါင်းအသင်းများ)

၃. ဘုရားသခင်၊ ယနေ့ ကျွန်ုပ်ကို ခေါ်တော်မူခြင်းအတွက် ကျေးဇူးတင်ပါ၏။ ကိုယ်တော်အား မည်ကဲ့သို့ နာခံရမည်၊ ကိုယ်တော့်အား မည်ကဲ့သို့ စိတ်နှလုံးအကြွင်းမဲ့ ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသမျှနှင့် ချစ်ရမည်ကို ပြသတော်မူပါ။ (ခေတ္တ ရပ်နားပါ။) ဘုရားသခင် ကိုယ်တော်ကို ကျွန်ုပ် ချစ်ပါ၏။ သခင်ယေရှုဘုရား၊ ကျွန်ုပ်ကို နာခံလိုက်လျှောက်တတ်စေရန် ကူညီမစတော်မူပါ။

©2018 The Prayer Covenant for Children/Games provided by GameLife77.com. All rights reserved.

ချစ်ခြင်းမေတ္တာ

လေ့ကျင့်ခန်း

၁ “ချစ်ခြင်းမေတ္တာ” အကြောင်း ဆုတောင်းချက်ဒုတိယစာကြောင်းကို မှတ်မိပါသလား။ အောက်တွင် ချရေးပါ။

၂ အောက်ပါကွက်လပ်များကို ဖြည့်ပါ။

မ ၂၂:၃၇၊ ၃၈ သင်၏ ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှနှင့် ချစ်လော့။ ဟူသော ပညတ်သည် ပထမပညတ်ဖြစ်၏၊ ကြီးသော ပညတ်လည်း ဖြစ်၏။

၃ နာခံခြင်းဆိုသည်မှာ အဘယ်နည်း။

၄ နာခံလိုက်လျှောက်ရန် မည်သည့်အရာက အခက်ခဲဆုံး ဖြစ်မည်ဟု ထင်ပါသနည်း။

၅ တုံ့ပြန်ရန်အချိန်

ယနေ့ အလွတ်ကျက်ရန် ကျမ်းချက်ကို မျဉ်းကြောင်းပါသော စာရွက်လွတ်ပေါ်တွင် လက်ရေးလှလှဖြင့် ရေးသားပါ။ ထို့နောက် အကြိုက်ဆုံး အရောင်နှင့် စာရွက်ပေါ်တွင် ကပ်ပါ။ ရောင်စုံစက္ကူက ပိုကြီးမှသာ ဘောင်ကွပ်ထားသကဲ့သို့ ဖြစ်နေပါလိမ့်မည်။ ဘုရားသခင်၏ အကြီးမြတ်ဆုံး ပညတ်ကို အချိန်တိုင်း အောက်မေ့နေစေရန် ထိုစာရွက်ကို အိပ်ခန်း နံရံပေါ် သို့မဟုတ် စားပွဲပေါ်တွင် တင်ထားနိုင်ပါသည်။

ချစ်ခြင်းမေတ္တာ

တေးကဗျာ သီဆိုရန်

နေ့စဉ် ဘာကို စတင် လုပ်သင့်သလဲ။

ယုံကြည်ပါ၊ နာခံပါ၊ ဆုတောင်းပါ။

သန့်ရှင်းသော နှုတ်ကပတ်တော် ဖတ်ရှုလျှင် ဘာလုပ်သင့်သလဲ။

ယုံကြည်ပါ၊ နာခံပါ၊ ဆုတောင်းပါ။

အပြစ်သွေးဆောင်ခြင်း ခံရလျှင် ဘာလုပ်သင့်သလဲ။

ယုံကြည်ပါ၊ နာခံပါ၊ ဆုတောင်းပါ။

ဆိုးဝါးသော နေ့တနေ့ကို ရင်ဆိုင်ဖြတ်ကျော်လျှင် ဘာလုပ်သင့်သလဲ။

ယုံကြည်ပါ၊ နာခံပါ၊ ဆုတောင်းပါ။

ညဘက် ကြောက်လန့်လျှင် ဘာလုပ်သင့်သလဲ။

ယုံကြည်ပါ၊ နာခံပါ၊ ဆုတောင်းပါ။

ဘုရားသခင်၏ ရှေ့တော်၌ တင့်တယ်စေရန် ဘာလုပ်သင့်သလဲ။

ယုံကြည်ပါ၊ နာခံပါ၊ ဆုတောင်းပါ။

ဦးဆောင်သူက တကြောင်းဆိုပြလိုက်၊ ကလေးများက နောက်တကြောင်းဆိုလိုက်ဖြင့် လုပ်ဆောင်ရပါမည်။ ထို့နောက် ကလေးများအား မိမိတို့ဘာသာ တေးကဗျာတပုဒ် စပ်ဆိုကြည့်ရန် တိုက်တွန်းပါ။ သူတို့ အကြံပြုသမျှကို သင်ပုန်းပေါ်တွင် ချရေးပေးပါ။ သူတို့ကိုယ်တိုင် စပ်ဆိုထားသော သီချင်းကဗျာကြောင့် ကလေးများ မည်မျှ တတ်ကြွလာသည်ကို ကြည့်ရှုလိုက်ပါ။

ကရုဏာတော်

ကိုယ်တော် ကျွန်ုပ်ကို
ချစ်တော်မူသကဲ့သို့
အခြားသူများအပေါ် ချစ်နိုင်ရန်
မစတော်မူပါ။



ကောင်းသော ရှမာရိ (လု၁၀:၂၇-၃၇)

ယောဝ၁၅း၁၂

ငါ့ပညတ်ဟူမူကား ငါသည် သင်တို့ကို ချစ်သည့်နည်းတူ သင်တို့သည် အချင်းချင်းချစ်ကြလော့။

ကရုဏာတော်

မင်း ပြောနိုင်သလား။

ကိုယ်တော် ကျွန်ုပ်ကို ချစ်တော်မူသကဲ့သို့ အခြားသူများအပေါ် ချစ်နိုင်ရန် မစတော်မူပါ။

ယော၁၅:၁၂

ငါ့ပညတ်ဟူမူကား ငါသည် သင်တို့ကို ချစ်သည့်နည်းတူ သင်တို့သည် အချင်းချင်းချစ်ကြလော့။

မင်း ရှာတွေ့ပါသလား။

မ၅:၄၄-၄၈
၁ကော၁၃:၄-၇
၁ယော၄:၇-၁၁
၁ယော၃:၁၈

မင်း ခံစားမိပါသလား။

မည်သူ့အား ချစ်ရန် ကျွန်ုပ်တို့ကို အမိန့်တော်ရှိသနည်း။

မည်ကဲ့သို့ ချစ်ရမည်နည်း၊

မိသားစု၏ ချစ်ခြင်းမေတ္တာကို မည်သည့်အချိန်တွင် အမှန်တကယ် ခံစားရသနည်း။

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို မည်သည့်အချိန်တွင် ခံစားရသနည်း။

ကရုဏာတော်

ဆုတောင်းရန် အဖွဲ့ခွဲ လုပ်ဆောင်ခြင်း

ဆုတောင်းချိန်တွင် ကလေးများကို အောက်ပါအတိုင်း ဆုတောင်း၍ ဦးဆောင်ပေးပါ။
"ကိုယ်တော် ကျွန်ုပ်ကို ချစ်တော်မူသကဲ့သို့ အခြားသူများအပေါ် ချစ်နိုင်ရန် မစတော်မူပါ။"
ကလေးများက ထိုဆုတောင်းချက်ကို နောက်မှ လိုက်ဆိုပါစေ။ အခြားသူများအပေါ် ထားသော ကိုယ်တော်၏ ချစ်ခြင်းမေတ္တာကို ပြသရန် နည်းလမ်းများနှင့် ပတ်သက်ပြီး ကလေးများက တိုတိုတုတ်တုတ်ဖြင့် သူတို့၏ ကိုယ်ပိုင်စကားလုံးဖြင့် ရိုးရှင်းစွာ ဆုတောင်းကြစေပါ။ နမူနာသင်ခန်းစာတွင် ဖော်ပြထားသည့် ဘုရားသခင်၏ နာမတော်နှင့် ဂုဏ်တော်များကို ကြွေးကြော်၍လည်း ဆုတောင်းနိုင်ကြပါသည်။

ပြောပါ။

- အချင်းချင်းချစ်ခြင်းသည် ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှနှင့် ချစ်ကြောင်း ပြသနေသောကြောင့် အလွန်အရေးကြီးပါသည်။
- အချင်းချင်းချစ်ခြင်းတွင် မိတ်ဆွေများကော၊ ရန်သူများပါ ပါဝင်နေပါသည်။ လွယ်ကူသောအရာ တခုမဟုတ်ပါ။
- အချင်းချင်းချစ်ခြင်း ဆိုသည်မှာ သခင်ယေရှု၏မေတ္တာကဲ့သို့ စွန့်လွှတ်ခြင်းလည်း ပါဝင်ပါသည်။ မိမိထက်အခြားသူများကို ပို၍ဦးစားပေးခြင်းလည်း ဖြစ်ပါသည်။

သခင်ယေရှု အလိုတော်ရှိသည့်အတိုင်း အချင်းချင်းချစ်ရန် လိုအပ်သည့်အရာများ၊ အခက်အခဲများအကြောင်း သူတို့၏အထင်အမြင်များ၊ သံသယများကို ကလေးများအား ပွင့်လင်းစွာ မျှဝေတိုင်ပင်ကြစေပါ။ ရှင်မဿဲခရစ်ဝင်အခန်းကြီး (၅) ကို ရည်ညွှန်းပေးပါ။ ပေါင်းသင်းဆက်ဆံရာတွင် ကြုံတွေ့ရသောအခက်အခဲများ၊ မကြိုက်မနှစ်သက်သောသူကို ချစ်ရန် အဘယ်ကြောင့် ခက်ခဲနေရသည် စသဖြင့် ကလေးများသည် သူတို့၏အကြောင်း ဝေမျှလိုတတ်ကြပါသည်။ ၁ကောရိ၁၃တွင် ဖော်ပြထားသော မေတ္တာ၏သဘောကိုလည်း ရှင်းပြပေးပါ။ မည်သည့်အချက်များကို လိုက်နာရန် လွယ်ကူပါသလဲ။ မည်သည်တို့က ခက်ခဲပါသလဲ။

ကရုဏာတော်

မင်း ကြားပါသလား

ကောင်းသော ရှမာရိ (လု၁၀:၂၅-၃၇)

ဘုရားသခင်က ကျွန်ုပ်တို့ကို ချစ်တော်မူသကဲ့သို့ အချင်းချင်းချစ်ရန် ဆိုသည်မှာ အဘယ်ကိုဆိုလိုပါသနည်း။ လေ့လာကြည့်ကြပါစို့။ ကိုယ်နှင့်စပ်ဆိုင်သောသူ ဆိုသည်မှာ မည်သူနည်းဟု သခင်ယေရှုအား မေးခဲ့ကြပါသည်။ ကိုယ်တော်က အောက်ပါဥပမာအားဖြင့် သွန်သင်တော်မူပါသည်။ ကိုယ်တော်က ထိုအတိုင်း ဥပမာများပေး၍ သွန်သင်လေ့ရှိပါသည်။ လူတယောက်သည် ယေရှုလင်မှ ယေရိခေါသို့ သွားသောအခါ လမ်းတွင် ဓါးပြတိုက်ခံရပါသည်။ ဓါးပြများက သူ့ကိုရိုက်နှက်၍ ပါလာသမျှကို ယူဆောင်သွားပြီးလျှင် ထိုသူကို လမ်းဘေး၌ ထိုအတိုင်း ပစ်ထားခဲ့ကြပါသည်။ ထိုလမ်းတွင်လျှောက်လာသော ယဇ်ပုရောဟိတ်တစ်ယောက်သည် လူနာကိုမြင်လျှင်အခြားဘက်သို့ လွှဲရှောင်၍ သွားပါသည်။ လူနာအတွက် သနားခြင်းကရုဏာမရှိခဲ့ပါ။ ဘာသာရေးခေါင်းဆောင်တဦးဖြစ်သူ လေဝိလူတဦးကလည်း လူနာကိုမြင်သောအခါ ထိုနည်းတူ လွှဲရှောင်၍ သွားပြန်ပါသည်။ ထိုနောက်တွင် ဘာတွေဆက်ဖြစ်သည်ကို သိပါသလား။ဂျူးလူမျိုးများ အထင်အမြင်သေးသည့် ရှမာရိအမျိုးသားတစ်ယောက်က လူနာကို မြင်ပြန်ပါသည်။ ထိုအခါ ဘာလုပ်သည်ဟု ထင်ပါသနည်း။ လူနာကိုပြုစုပေးခြင်းအားဖြင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို ဖော်ပြခဲ့ပါသည်။ အနာကိုဆေးကြောပတ်တီးစီး၍ သူစီးလာသောမြည်းပေါ်တွင်တင်ကာ တည်းခိုခန်းတခုသို့ ခေါ်ဆောင်သွားပေးပါသည်။တည်းခိုခန်းပိုင်ရှင်အားလည်း လူနာကို ဆက်လက်ပြုစုပေးဖို့ မှာကြားပါသည်။ “လူနာအတွက် ကျသင့်တာတွေကို အခုကျနော်ပေးမယ်၊ တကယ်လို့မလောက်သေးရင်လည်း ပြန်လာတဲ့အခါ ထပ်ပေးပါ့မယ်” လို့ သူကပြောပါသည်။ ထိုအကြောင်းအရာကို သခင်ယေရှုက မည်ကဲ့သို့ အဆုံးသတ်သည်ဟု ထင်ပါသနည်း။ “ သင်တို့သွား၍ ထိုနည်းတူပြုလော့” ဟု မိန့်တော်မူခဲ့ပါသည်။

မင်း လုပ်နိုင်ပါသလား

- သခင်ယေရှုနည်းတူ စွန့်လွှတ်၍ ချစ်ပါ။
- နှုတ်ဖြင့်သာမဟုတ်ဘဲ လက်တွေ့အလုပ်ဖြင့် ချစ်ပါ။ အခြားသူများကို ဂရုစိုက်သောအခါ သနားကရုဏာရှိကြောင်း ပြသနေခြင်း ဖြစ်ပါသည်။
- သခင်ယေရှုကို စိတ်နှလုံးအကြွင်းမဲ့ချစ်ပြီး အခြားသူများအား ချစ်နိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်၏ မစမှုကို တောင်းခံပါ။

ကရုဏာတော်

ဆော့ကစားရအောင်

ဘယ်တော့မှ မကုန်ခမ်းသောခွက်

၁. ကလေးများကို အဖွဲ့နှစ်ဖွဲ့ခွဲပါ။ (အရေအတွက်များလျှင် ထိုထက်မက ခွဲပေးနိုင်ပါသည်။)

၂. တယောက်နှင့်တယောက် ပုခုံးချင်း တန်းထားပါ။ တဦးနှင့်တဦး လက်တကမ်း အကွာအဝေးထားပါ။

၃. လူတန်း၏ ထိပ်ဆုံးတွင် ရေပုံးတပုံး၊ နောက်ဆုံးတွင်လည်း ရေပုံးတပုံး ထားပေးပါ။

၄. ကလေးတိုင်းကို စက္ကူခွက်ငယ်တခွက်စီ ပေးပါ။

၅. "စ" ဟုပြောသည်နှင့် ပထမဆုံးကလေးသည်ခွက်ဖြင့် ရေပုံးထဲမှရေကို ခပ်ကာ ထိုရေကို ဒုတိယကလေး၏ခွက်ထဲသို့ လောင်းထည့်ပေးရပါမည်။ ထိုကဲ့သို့ တယောက်ချင်း အဆင့်ဆင့် လောင်းထည့်ပေးသွားရပါမည်။ နောက်ဆုံးကလေးသည် ရေကိုရေပုံးထဲသို့ လောင်းထည့်ပြီးသည်နှင့် "ရေထပ်လိုနေပြီ" ဟုပြောရပါမည်။

၆. ထိုအခါ ပထမဆုံးကလေးသည် နောက်ထပ်ရေတခွက်ခပ်၍ ထိုနည်းအတိုင်း ဆက်လက်လုပ်ဆောင်ရပါမည်။

၇. ဦးဆောင်သူများအတွက် အရေးကြီးသောအချက် – ပထမပိုင်းတွင် ရေပုံးထဲ၌ ရေအနည်းငယ်သာထားပါ။ နောက်ပိုင်းတွင် ရေများများ ခပ်နိုင်အောင် ထပ်ဖြည့်ပေးပါ။

၈. ပိုမိုပျော်ရွှင်ဖွယ်ဖြစ်အောင်လုပ်ခြင်း၊ ရေပုံးတွင် အမှတ်အသားတခုပြုလုပ်၍ ငါးမိနစ်အတွင်း ထိုအမှတ်ထိ အပြည့်ဖြည့်နိုင်ပါမည်လားဟု ကလေးများအား စမ်းကြည့်စေပါ။

- **လက်တွေ့အသက်တာအတွက်သင်ခန်းစာ။ဘုရားသခင်ထံမှရသောအရာများကိုအခြားသူများအားကျွန်ုပ်တို့ပြန်လည်ပေးအပ်ရပါမည်။**

မေးခွန်းများ

၁. ကိုယ့်ခွက်ထဲကရေကို နောက်တယောက်အား ဘာလို့ပေးတာလဲ ကလေးတို့။ ဘာကြောင့် ကိုယ့်ဘာသာ မသိမ်းထားတာလဲ။ (သူများကို များများပေးလေလေ ကိုယ်လည်း များများရလာလေလေမို့ပါ)

၂. ကျမ်းစာထဲမှာ လူနာတစ်ယောက်အကြောင်း ဖော်ပြထားပါတယ်။ ဘာကြောင့် ရှမာရိလူက လူနာကိုကြင်နာပြီး ကူညီခဲ့တာလဲ။ (လိုအပ်ချက်ရှိနေတဲ့သူကို ဖြည့်ဆည်းပေးချင်တာပါ။)

၃. ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ အကူအညီလိုအပ်နေသူများကို မြင်နိုင်ရန် ကျွန်ုပ်တို့မျက်လုံးကို ဖွင့်ပေးတော်မူပါဘုရား။ ကျွန်ုပ်အသက်တာရှိ အကူအညီလိုအပ်နေသူများကို မြင်နိုင်ရန် ယခုပင်ပြသတော်မူပါ သခင်ယေရှုဘုရား။ (ခေတ္တရပ်နားပါ) အခြားသူများကို ချစ်ပြီး ကူညီတတ်စေရန် ကျွန်ုပ်ကို ပြုပြင်ပေးတော်မူပါ သခင်ယေရှုဘုရား။

©2018 The Prayer Covenant for Children/Games provided by GameLife77.com. All rights reserved.

ကရုဏာတော်

လေ့ကျင့်ခန်း

၁ “ကရုဏာတော်” အကြောင်း ဆုတောင်းချက် တတိယစာကြောင်းကို မှတ်မိပါသလား။ အောက်တွင်ချရေးပါ။

၂ အောက်ပါကွက်လပ်များကို ဖြည့်ပါ။

ယော၁၅း၁၂ ငါ့ပညတ်ဟူမူကား ငါသည် သင်တို့ကို ချစ်သည့်နည်းတူ သင်တို့သည် အချင်းချင်းချစ်ကြလော့။

၃ ကားတိုင်ပေါ်တွင် အသေခံတော်မူခြင်းအားဖြင့် သခင်ယေရှုက ပြီးပြည့်စုံသောချစ်ခြင်းမေတ္တာအကြောင်း သင့်ကို မည်ကဲ့သို့ ဥပမာပြနေပါသနည်း။

၄ သင်သိသောလူတဦးအတွက် ထိုကဲ့သို့စွန့်လွှတ်၍ ချစ်နိုင်မည့်နည်းလမ်းတခုကို ပြောပါ။

၅ တုံ့ပြန်ရန်အချိန်

စက္ကူရောင်စုံခဲတံများကို အသုံးပြုပြီး တစုံတယောက်အား ချစ်ခြင်းမေတ္တာပြသရန် လုပ်ဆောင်ပါ။
ယနေ့အလွတ်ကျက်ရန် ကျမ်းချက်ကို စက္ကူပေါ်တွင် ရေးသား၍လည်း ပေးနိုင်ပါသည်။

ကရုဏာတော်

တေးကဗျာ သီဆိုရန်

ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ ချစ်သည်။
ကျွန်ုပ် ချစ်သည် ကျွန်ုပ်ချစ်သည်။

ဘုရားသခင်ကို ကိုယ်စွမ်းရှိသမျှ ချစ်သည်။
ကျွန်ုပ်ချစ်သည် ကျွန်ုပ်ချစ်သည်။

ဘုရားသခင်ကို ဉာဏ်စွမ်းရှိသမျှ ချစ်သည်။
ကျွန်ုပ်ချစ်သည် ကျွန်ုပ်ချစ်သည်။

ဘုရားသခင်ကို အစွမ်းသတ္တိရှိသမျှနှင့် ချစ်သည်။
ကျွန်ုပ်ချစ်သည် ကျွန်ုပ်ချစ်သည်။

ကိုယ်တော်၏ မေတ္တာကို ကျွန်ုပ်ခံစားလိုသည်။ ကျွန်ုပ်ခံစားလိုသည်။ ကျွန်ုပ်ခံစားလိုသည်။
ကျွန်ုပ် ချစ်သည် ကျွန်ုပ်ချစ်သည်။

ကိုယ်တော်၏မေတ္တာသည် စစ်မှန်ကြောင်း အခြားသူများအား သိစေလိုသည်။
ကျွန်ုပ် ချစ်သည် ကျွန်ုပ်ချစ်သည်။

ဦးဆောင်သူက တကြောင်းဆိုပြလိုက်၊ ကလေးများက နောက်တကြောင်းဆိုလိုက်ဖြင့် လုပ်ဆောင်ရပါမည်။ ထို့နောက် ကလေးများအား မိမိတို့ဘာသာ တေးကဗျာတပုဒ် စပ်ဆိုကြည့်ရန် တိုက်တွန်းပါ။ သူတို့ အကြံပြုသမျှကို သင်ပုန်းပေါ်တွင် ချရေးပေးပါ။ သူတို့ကိုယ်တိုင် စပ်ဆိုထားသော သီချင်းကဗျာကြောင့် ကလေးများ မည်မျှ တတ်ကြွလာသည်ကို ကြည့်ရှုလိုက်ပါ။

နှောင်တရခြင်း

ကျွန်ုပ်၏ အပြစ်များအတွက်
တောင်းပန်ပါ၏။ ကျွန်ုပ်ကို
သန့်ရှင်းစင်ကြယ်စေတော်မူပါ။

ဆိုးညစ်သော ကျွန်ဥပမာ (မ၁၈:၂၁-၃၅)

ဆာ (၅၁:၂)

ဒုစရိုက်အညစ်အကြေးကို အကုန်အစင်ဆေးကြော၍ အကျွန်ုပ်ကို သန့်ရှင်းစေတော်မူပါ။

နောင်တရခြင်း

မင်း ပြောနိုင်သလား။

ကျွန်ုပ်၏ အပြစ်များအတွက် တောင်းပန်ပါ၏။ ကျွန်ုပ်ကို သန့်ရှင်းစင်ကြယ်စေတော်မူပါ။

ဆာ (၅၁:၂)
ဒုစရိုက်အညစ်အကြေးကို အကုန်အစင်ဆေးကြော၍ အကျွန်ုပ်ကို သန့်ရှင်းစေတော်မူပါ။

မင်း ရှာတွေ့ပါသလား။

မ ၆:၉-၁၅
တ ၃:၁၉
၁ ယော ၁:၉

မင်း ခံစားမိပါသလား။

တစုံတရာ မှားယွင်းပြီးသည့်အခါ မည်သို့ ခံစားရပါသနည်း။

ခွင့်လွှတ်ခြင်း ခံရသည့်အခါ မည်သို့ ခံစားရပါသနည်း။

ကျွန်ုပ် တောင်းပန်ပါသည်ဟု ပြောရန် အဘယ်အရာက ဆီးတားနေပါသနည်း။

နှောင်တရခြင်း

ဆုတောင်းရန် အဖွဲ့ခွဲ လုပ်ဆောင်ခြင်း

ဆုတောင်းချိန်တွင်ကလေးများကိုအောက်ပါအတိုင်းဆုတောင်း၍ဦးဆောင်ပေးပါ။ ***"ကျွန်ုပ် ကျူးလွန်မိသောအပြစ်များအတွက်တောင်းပန်ပါ၏။ သန့်ရှင်းစေတော်မူပါ။"*** ကလေးများက ထိုဆုတောင်းချက်ကို နောက်မှ လိုက်ဆိုပါစေ။ မိမိအား ဘုရားသခင် ခွင့်လွှတ်ရန်နှင့် အခြားသူများအား ကိုယ်တိုင် ခွင့်လွှတ်နိုင်ရန် ကလေးများက သူတို့၏ ကိုယ်ပိုင်စကားလုံးဖြင့် ရိုးရှင်းစွာ တိုတိုတုတ်တုတ် ဆုတောင်းကြစေပါ။ နမူနာသင်ခန်းစာတွင် ဖော်ပြထားသည့် ဘုရားသခင်၏ နာမတော်နှင့် ဂုဏ်တော်များကို ကြွေးကြော်၍လည်း ဆုတောင်းနိုင်ကြပါသည်။

ပြောပါ။

- ခွင့်လွှတ်ခြင်းနှင့် ပတ်သက်၍ မည်သည့်အပိုင်းကို နားလည်ရန် အခက်ခဲဆုံး ဖြစ်သနည်း။
- သင့်ကို နာကျင်စေသောသူများကို ခွင့်လွှတ်ရန် အဘယ်ကြောင့် ခက်ခဲနေရပါသနည်း။
- ကျွန်ုပ်တောင်းပန်ပါတယ်။ ခွင့်လွှတ်ပါဟု ပြောရန် အဘယ်ကြောင့် ခက်ခဲနေရပါသနည်း။
- ဘုရားသခင်ရှေ့၊ မိတ်များရှေ့၊ ညီအကိုမောင်နှမများနှင့် သူငယ်ချင်းများရှေ့တွင် အပြစ်တစုံတရာမရှိသည့်အခါ မည်သို့ခံစားရပါသနည်း။

ကျွန်ုပ်တို့အားလုံး၏အပြစ်ကို ခွင့်လွှတ်ပေးလိုသော ဘုရားသခင်၏အလိုတော်အကြောင်းဖြင့် စတင်ဆွေးနွေးပါ။ ကိုယ်တော်တိုင် ဥပမာ ဖြစ်ပါသည်။ ကျွန်ုပ်တို့ကို ခွင့်လွှတ်တော်မူသည့်နည်းတူ အခြားသူများအားလည်း ခွင့်လွှတ်ရန် ဆန္ဒရှိရပါမည်။ ပဋ္ဌနာတော်ကိုလည်း အတူတကွ ဖတ်နိုင်ပါသည်။ ခွင့်လွှတ်ရန် ခက်ခဲသော အချိန်များအကြောင်း ကလေးများအား ပွင့်ပွင့်လင်းလင်း ဝေမျှစေပြီး ခွင့်လွှတ်ခံရသည့်အခါ မည်ကဲ့သို့ ခံစားရသည်နှင့် နှိုင်းယှဉ်ကြည့်စေပါ။

နောင်တရခြင်း

မင်း ကြားပါသလား

ဆိုးညစ်သောကျွန် (မ၁၈:၂၁-၃၅)

"ကျွန်ုပ်တို့ကိုပြစ်မှားသောသူအားဘယ်နှကြိမ်တိုင်အောင်ခွင့်လွှတ်ရမည်လဲ၊ ခုနစ်ကြိမ်ပါလား"ဟုပေတရုက သခင်ယေရှုကို မေးခဲ့ပါသည်။ သခင်ယေရှုက "ခုနစ်ဆယ် ခုနစ်လီမြောက်အောင် ခွင့်လွှတ်ရမည်" ဟု အဖြေပေးပြီး အောက်ပါဥပမာကို ပြောပြပါသည်။ မင်းကြီးတပါးသည် သူ၏ငယ်သားများအား သူ့အပေါ်မှ အကြွေးမည်မျှရှိကြသနည်းဟု မေးတော်မူခဲ့ပါသည်။ ငယ်သားတဦးက ဘယ်တော့မှ ပြန်မဆပ်နိုင်လောက်အောင် များပြားသော အကြွေးများတင်နေပါသည်ဟု ပြန်ဖြေပါသည်။ ထိုအခါ မင်းကြီးက "မင်းကိုရော မင်းရဲ့မိသားစုကိုပါ ကျွန်အဖြစ်ရောင်းပြီး အကြွေးဆပ်ရမယ်" ဟု ပြောပါသည်။ ထိုအခါ ငယ်သားက "ထိုသို့ မပြုပါနှင့်သခင်၊ ကျွန်ုပ်တို့ကို သနားတော်မူပါ" ဟု တောင်းပန်ပါသည်။ မင်းကြီးသည် စိတ်နှလုံးနူးညံ့ပြီး သနားတတ်သောကြောင့် "ကောင်းပြီ၊ အကြွေးအားလုံးကို လျှော်ပေးလိုက်ပြီ" ဟု ပြောပါသည်။ ထိုအခါ ငယ်သားသည် မည်ကဲ့သို့ ဆက်လက် လုပ်ဆောင်မည် ဟုထင်ပါသနည်း။ သူသည် ထွက်သွားပြီး သူ့ထံတွင် အကြွေးအနည်းငယ်တင်နေသော အခြားငယ်သားတဦးကို တွေ့လျှင် "မင်းငါ့ကို အကြွေးမဆပ်လျှင် ထောင်ချပစ်မည်" ဟု ခြိမ်းခြောက်ပါသည်။ ထိုအခါ "ထိုသို့မပြုပါနှင့်၊ သနားပါ" ဟု တောင်းပန်သော်လည်း ငယ်သားသည် စိတ်နှလုံးမာကြောပြီး သနားခြင်းမရှိသောကြောင့် အကြွေးတင်နေသောသူကို ထောင်ချပစ်ပါသည်။ ထိုအကြောင်းကို မင်းကြီးကြားလျှင် အလွန်ဒေါသထွက်၍ "ဟယ်ဆိုးညစ်သောကျွန်၊ သင်တောင်းပန်သောကြောင့် သင့်အကြွေးအားလုံးကို ငါလျှော်ပေးခဲ့တယ်။ ဘာကြောင့် တခြားငယ်သားအပေါ် ထိုကဲ့သို့ သနားခြင်း မရှိတာလဲ" ဟု ပြောပါသည်။ ထို့နောက် မင်းကြီး ဘာလုပ်သည်ဟု ထင်ပါသနည်း။ ရှိသမျှအကြွေးအားလုံး ကြေသည်အထိ ထိုဆိုးညစ်သော ငယ်သားကို ထောင်ချထားလိုက်ပါတော့သည်။

မင်း လုပ်နိုင်ပါသလား

- သင့်အပြစ်များအတွက် နေ့စဉ် နောင်တရပါ။ မိုးပွင့်ကဲ့သို့ ဖြူစင်စေရန် ဘုရားသခင်ကို ဆေးကြောခိုင်းပါ။
- သင့်အပြစ်များအားလုံးကို ဘုရားသခင်က ဆေးကြောပြီးကြောင်း ယုံကြည်ပါ။
- နောက်တကြိမ် အပြစ်မလုပ်မိစေရန် ကူညီမစဖို့ ဘုရားသခင်အား တောင်းလျှောက်ပါ။
- နူးညံ့သိမ်မွေ့ပြီး ခွင့်လွှတ်တတ်သောသူဖြစ်စေရန် ဘုရားသခင်အား ပြုပြင်ခိုင်းပါ။
- အခြားသူများအား အညှိုးအတေးမထားဘဲ ခွင့်လွှတ်တတ်စေပါ။

နောင်တရခြင်း

ဆော့ကစားရအောင်

မီးနီ၊မီးစိမ်း

၁. တာထွက်မှတ်နှင့် ပန်းဝင်ရန် နေရာများကို ပြသပါ။

၂. တာထွက်မည့်နေရာတွင် စီတန်း၍ ရပ်နေစေပါ။

၃. ဦးဆောင်သူက မီးစိမ်းဟု အော်လျှင် ပန်းဝင်ရန် ပြေးရမည်ဖြစ်ပြီး မီးနီဟု အော်လျှင် ချက်ချင်း ရပ်ရပါမည်။ မရပ်သောသူများသည် တာထွက်ရန် နေရာမှ ပြန်ပြိုင်ရပါမည်။

၄. ဦးဆောင်သူက ပန်းဝင်သည့်နေရာတွင် ပြိုင်မည့်သူများအား ကျောပေး၍ ရပ်ပြီး အော်ရပါမည်။ အရင်ဆုံး ပန်းဝင်သောသူသည် အနိုင်ရပါမည်။

၅. မီးနီဟု အော်ပြီးသည်နှင့် ပြိုင်ပွဲဝင်များ ရပ်ကြောင်း သိရှိရန် ဦးဆောင်သူက ချက်ချင်း လှည့်ကြည့်စစ်ဆေးရပါမည်။ အကယ်၍ မရပ်သောသူရှိလျှင် တာထွက်သည့် နေရာသို့ပြန်သွားစေ၍ ထိုနေရာမှ ပြန်လည် ယှဉ်ပြိုင်စေရပါမည်။

၆. အထက်ပါ အတိုင်း ထပ်တလဲလဲ ယှဉ်ပြိုင်စေပါ။

- **လက်တွေ့အသက်တာအတွက် သင်ခန်းစာ။ ဤကစားနည်းတွင် နောင်တရခြင်းကို ရှင်းလင်းစွာ တွေ့မြင်နိုင်ပါသည်။ လူတဦးသည် တခုခု မှားသည်နှင့် (၁) ချက်ချင်းရပ် (၂) နောက်လှည့် (၃) စသည့်နေရာသို့ ပြန်သွားကာ (၄) နောက်တကြိမ် ပြန်စရပါမည်။**

မေးခွန်းများ

၁. ကစားစဉ် မီးနီဟု အော်လိုက်သော်လည်း မရပ်မိသည့်အခါ သို့မဟုတ် လဲကျသွားသည့်အခါ ဘာဆက်လုပ်ရမည်နည်း။ (ချက်ချင်းရပ်၊ နောက်လှည့်၊ စသည့်နေရာသို့ ပြန်သွားကာ နောက်တကြိမ် ပြန်စရပါမည်။)

၂. ကျမ်းစာတွင် ငယ်သားသည် မင်းကြီး၏ ကျေးဇူးနှင့် သနားကရုဏာကို ခံစားရပါသလား။ (ခံစားခဲ့ရပါသည်။) အခြားသူကို ထိုကျေးဇူးနှင့် သနားကရုဏာအတိုင်း လုပ်ဆောင်ခဲ့ပါသလား (မလုပ်ဆောင်ခဲ့ပါ။) ဆိုးညစ်သော ကျွန်အတွက် မင်းကြီးမည်ကဲ့သို့ ခံစားခဲ့ရပါသနည်း။ (ဒေါသထွက်ပါသည်)

၃. သခင်ယေရှုဘုရား ကိုယ်တော်သည် ကျွန်ုပ်အား ကျေးဇူးတော်နှင့် ခွင့်လွှတ်ခြင်းကို ပေးသနားခဲ့ပါသည်။ ကျွန်ုပ် မပြုလုပ်ရမည့်အရာများကို ကျူးလွန်မိသည့်အခါ နောင်တရရန် ဖော်ပြသွန်သင်တော်မူပါ။ (နောင်တရခြင်း ဆိုသည်မှာ ချက်ချင်းရပ်၊ နောက်ပြန်လှည့် ၊စမှတ်သို့ ပြန်သွားကာ ၊ပြန်လည်အစပြုခြင်း ဖြစ်ပါသည်။) နောင်တရရန် လိုအပ်သောအရာများကို ဖော်ပြတော်မူပါ။ (ခေတ္တရပ်နားပါ၊) ကျွန်ုပ်၏အပြစ်ကို ဆေးကြောပြီး ခွင့်လွှတ်တော်မူသော ကိုယ်တော်၏ကျေးဇူးတော်အတွက် ကျေးဇူးတင်ပါ၏။ အခြားသူများအားလည်း ကျွန်ုပ် ခွင့်လွှတ်နိုင်စေတော်မူပါ။

©2018 The Prayer Covenant for Children/Games provided by GameLife77.com. All rights reserved.

နောင်တရခြင်း

လေ့ကျင့်ခန်း

၁ နောင်တရခြင်း အကြောင်းဆုတောင်းချက် စတုတ္ထစာကြောင်းကို မှတ်မိပါသလား။ အောက်တွင်ချရေးပါ။

၂ အောက်ပါကွက်လပ်များကို ဖြည့်ပါ။

ဆာ (၅၁:၂) ဒုစရိုက်အညစ်အကြေးကို အကုန်အစင်ဆေးကြော၍ အကျွန်ုပ်ကို သန့်ရှင်းစေတော်မူပါ။

၃ ကျွန်ုပ်တို့၏ အပြစ်များကို အဘယ်ကြောင့် နေ့စဉ်ဝန်ခံသင့်ပါသနည်း။

၄ အခြားသူများအား ခွင့်လွှတ်ရန် အဘယ်ကြောင့် အရေးကြီးပါသနည်း။

၅ တုံ့ပြန်ရန်အချိန်

ခွင့်လွှတ်ခြင်းများကို ချိတ်ဆက်ခြင်း စက္ကူအပိုင်းအစများကို အရွယ်အစား တူညီစွာညှပ်၍ တဖက်တွင် ....ချိန်တွင် ဘုရားသခင်က ကျွန်ုပ်ကို ခွင့်လွှတ်သည်ဟု ရေးပါ။ အခြားတဖက်တွင် .....ချိန်၌ ကျွန်ုပ်က အခြားသူများကို ခွင့်လွှတ်သည်ဟု ရေးပါ။ ထိုစက္ကူအပိုင်းအစများကို ချိန်းကြိုးသဖွယ် တကွင်းနှင့်တကွင်းဆက်၍ အခန်းထဲတွင် ချိတ်ဆွဲထားပါ။ ထိုအရာကို ကြည့်၍ ဘုရားသခင်၏ အဆုံးတိုင် ခွင့်လွှတ်တော်မူခြင်းကို အောက်မေ့နိုင်ပါသည်။

နှောင်တရခြင်း

တေးကဗျာ သီဆိုရန်

စကားနားမထောင်မိလျှင် ဘာလုပ်ရမလဲ။
နှောင်တရပါ၊ ဆုတောင်းပါ၊ ပြန်လှည့်ပါ။

တခုခုအပြောမှားလျှင် ဘာလုပ်ရမလဲ။
နှောင်တရပါ၊ ဆုတောင်းပါ၊ ပြန်လှည့်ပါ။

လိမ်ညာပြောမိလျှင် ဘာလုပ်ရမလဲ။
နှောင်တရပါ၊ ဆုတောင်းပါ၊ ပြန်လှည့်ပါ။

တဦးဦးနှင့် ရန်ဖြစ်လျှင် ဘာလုပ်ရမလဲ။
နှောင်တရပါ၊ ဆုတောင်းပါ၊ ပြန်လှည့်ပါ။

ခွင့်မလွှတ်နိုင်သောအခါ ဘာလုပ်ရမလဲ။
နှောင်တရပါ၊ ဆုတောင်းပါ၊ ပြန်လှည့်ပါ။

နူးညံ့သိမ်မွေ့ခြင်းမရှိလျှင် ဘာလုပ်ရမလဲ။
နှောင်တရပါ၊ ဆုတောင်းပါ၊ ပြန်လှည့်ပါ။

ကိုယ့်သဘောနဲ့ ကိုယ်လုပ်မိလျှင် ဘာလုပ်ရမလဲ။
နှောင်တရပါ၊ ဆုတောင်းပါ၊ ပြန်လှည့်ပါ။

ဦးဆောင်သူက တကြောင်းဆိုပြလိုက်၊ ကလေးများက နောက်တကြောင်းဆိုလိုက်ဖြင့် လုပ်ဆောင်ရပါမည်။ ထို့နောက် ကလေးများအား မိမိတို့ဘာသာ တေးကဗျာတပုဒ် စပ်ဆိုကြည့်ရန် တိုက်တွန်းပါ။ သူတို့ အကြံပြုသမျှကို သင်ပုန်းပေါ်တွင် ချရေးပေးပါ။ သူတို့ကိုယ်တိုင် စပ်ဆိုထားသော သီချင်းကဗျာကြောင့် ကလေးများ မည်မျှ တတ်ကြွလာသည်ကို ကြည့်ရှုလိုက်ပါ။

ချီးမွမ်းကိုးကွယ်ခြင်း

စိတ်နှလုံးပါလျက် ကိုယ်တော်ကို ချီးမွမ်းထောမနာပြုပါမည်။

ခရစ္စမတ်အကြောင်း (ရှင်လုကာခရစ်ဝင်ကျမ်းအခန်းကြီးတစ်နှင့်နှစ်)

ဆာ ၉:၁

အိုထာဝရဘုရား ကျွန်ုပ်သည် စိတ်နှလုံးအကြွင်းမဲ့ ကိုယ်တော်ကို ချီးမွမ်းပါမည်။

ချီးမွမ်းကိုးကွယ်ခြင်း

မင်း ပြောနိုင်သလား။

စိတ်နှလုံးပါလျက် ကိုယ်တော်ကို ချီးမွမ်းထောမနာပြုပါမည်။

ဆာ ၉:၁

အိုထာဝရဘုရား ကျွန်ုပ်သည် စိတ်နှလုံးအကြွင်းမဲ့ ကိုယ်တော်ကို ချီးမွမ်းပါမည်။

မင်း ရှာတွေ့ပါသလား။

ဆာ ၁၄၅

မျ၁:၁၆-၁၇

၁ သက် ၅:၁၈

ဗျာ ၄:၈-၁၁

မင်း ခံစားမိပါသလား။

ချီးမွမ်းခြင်းဆိုသည်မှာ အဘယ်နည်း။

ဘုရားသခင်ကို မည်ကဲ့သို့ ချီးမွမ်းနိုင်မည်နည်း။

မည်သည့်အချိန်တွင် ဘုရားသခင်ကို ချီးမွမ်းနိုင်မည်နည်း။

ချီးမွမ်းကိုးကွယ်ခြင်း

ဆုတောင်းရန် အဖွဲ့ခွဲ လုပ်ဆောင်ခြင်း

ဆုတောင်းချိန်တွင် ကလေးများကို အောက်ပါအတိုင်း ဆုတောင်း၍ ဦးဆောင်ပေးပါ။ ***“ကျွန်ုပ်သည် စိတ်နှလုံးပါလျက် ကိုယ်တော်ကို ချီးမွမ်းပါမည်။”*** ကလေးများက ထိုဆုတောင်းချက်ကို နောက်မှ လိုက်ဆိုပါစေ။ ဘုရားသခင်သည် မည်မျှ ကောင်းမြတ်ပြီး အံ့သြဖွယ်ဖြစ်ကြောင်း ကလေးများက တိုတိုတုတ်တုတ်ဖြင့် သူတို့၏ ကိုယ်ပိုင်စကားလုံးဖြင့် ရိုးရှင်းစွာ ဆုတောင်းကြစေပါ။ နမူနာသင်ခန်းစာတွင် ဖော်ပြထားသည့် ဘုရားသခင်၏ နာမတော်နှင့်ဂုဏ်တော်များကို ကြွေးကြော်၍လည်း ဆုတောင်းနိုင်ကြပါသည်။

ပြောပါ။

- တခါတရံတွင် အခြားအရာများထက် ဘုရားသခင်ကို ချီးမွမ်းရန် ပို၍ လွယ်ကူတတ်ပါသည်။
- ဘုရားသခင်ကို ချီးမွမ်းရန် လွယ်ကူသည်ဟု ခံစားရသောအချိန်များအကြောင်း မျှဝေစေပါ။
- ဘုရားသခင်ကို ချီးမွမ်းရန် ပိုမိုခက်ခဲသည်ဟု ခံစားရသောအချိန်များအကြောင်း မျှဝေစေပါ။
- ကျေးဇူးတင်တတ်သော နှလုံးသားရှိခြင်းသည် ဘုရားသခင်ကို ကျေနပ်စေရုံသာမက ချီးမွမ်းခြင်း၏ တစိတ်တပိုင်းလည်း ဖြစ်ပါသည်။ အိပ်ယာထလျှင် ချီးမွမ်းပါ၊ စားလျှင် ချီးမွမ်းပါ။ ကျောင်းသွားလျှင်လည်း ချီးမွမ်းပြီး အိမ်ပြန်ရောက်လျှင်လည်း ချီးမွမ်းပါ။ အိပ်ယာမဝင်ခင်လည်း ချီးမွမ်းလိုက်ပါဦး။
- ချီးမွမ်းတတ်သော အလေ့အကျင့် မွေးမြူခြင်းဖြင့် ကောင်းကင်အဘကို ကျေနပ်စေရုံသာမက မိမိကိုယ်တိုင်လည်း ပျော်ရွှင်ရပြီး ကောင်းကြီးမင်္ဂလာ ခံစားရပါမည်။

မည်သို့ ဝတ်ပြုကိုးကွယ်ရမည်ကို ကလေးများ သိရှိတတ်ကြပါသည်။ သခင်ယေရှုအပေါ် ထားသော ချစ်မြတ်နိုးမှုကို ပြသရန် မတွန့်ဆုတ်တတ်ကြဘဲ စည်းလုံးညီညွတ်စွာဖြင့်ပင် လုပ်ဆောင်တတ်ကြပါသေးသည်။ ကလေးများအကြိုက်ဆုံး ဝတ်ပြုကိုးကွယ်ခြင်းပုံစံ အကြောင်း မျှဝေကြစေပါ။ ကျေးဇူးတင်တတ်ခြင်းအကြောင်း အလေးအနက်ထား ပြောကြားပါ။ အချိန်တိုင်းအရာတိုင်းအတွက် ကျေးဇူးတော်ချီးမွမ်းရန် ခက်ခဲတတ်ပါသည်။ ကျေးဇူးတော်ချီးမွမ်းတတ်သည့် အလေ့အထကို စတင်ပျိုးထောင်ရန် နောက်ကျသည်ဟူ၍ မရှိပါ။

ချီးမွမ်းကိုးကွယ်ခြင်း

မင်း ကြားပါသလား

ခရစ်စမတ်အကြောင်း (လု ၁နှင့်၂)

လွန်ခဲ့သော နှစ်ပေါင်း (၂၀၀၀) ကျော်တွင် မာရိဟူသော အမျိုးသမီးငယ်ထံသို့ ဂါဗြေလဟူသည့် ကောင်းကင်တမန်တပါးရောက်လာခဲ့ပါသည်။သူ့ထံတွင်မာရိအတွက်အထူးသတင်းစကားတခု ပါလာပါသည်။ "မာရိရေ မကြောက်နဲ့။ မင်းက ဘုရားသခင်ရှေ့မှာ မျက်နှာရတယ်။ သားယောကျ်ားလေးမွေးပြီး ယေရှုလို့ အမည်ပေးရမယ်။ အဲဒီကလေးက အလွန်ကြီးမြတ်ပြီး အမြင့်ဆုံးသော ဘုရားသခင်ရဲ့သားတော်လို့ ခေါ်ဝေါ်ခြင်းကို ခံရလိမ့်မယ်"။ သူငယ်တော်ယေရှုကို ဖွားမြင်ပြီးတဲ့နောက် အလွန်ဝမ်းမြောက်ဝမ်းသာကြရပါသည်။ ကောင်းကင်တမန်များ ရုတ်တရုတ် ဆင်းသက်လာပြီး ဘုရားသခင်အား ချီးမွမ်းကြပါသည်။ "ကောင်းကင်ဘဝဂ်ဝယ် ဘုန်းကြီးစေသတည်း၊ မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်းရှိစေသတည်း။ လူတို့အား မေတ္တာကရုဏာ ရှိစေသတည်း" လို့ သူတို့က ကြွေးကြော်ကြပါသည်။ မကြာမီ သိုးထိန်းများ ရောက်လာပြီး သူငယ်တော်ကို ဖူးမြော်ကြပါသည်။ သူတို့ မြင်တွေ့ရသော၊ ကြားသိရသောအရာများအတွက် ဘုရားသခင်၏ ဘုန်းတော်ကို ချီးမွမ်းကြပါသည်။ သူငယ်တော်ယေရှုကို ဖူးမြော်ရန် အရှေ့ပြည်မှ ပညာရှိများလည်း ခရီးထွက်လာကြပါသည်။ လှပစွာ ထွန်းလင်းတောက်ပနေသော ကြယ်ကြီးတလုံးက သူငယ်တော်ဆီ ရောက်ရှိနိုင်ရန် သူတို့ကို လမ်းပြပေးပါသည်။ မာရိ၊ ယောသပ်နှင့် သိုးထိန်းများ နည်းတူပညာရှိများကလည်း သူငယ်တော်ကို ဖူးမြော်ကြပါသည်။ တနေ့တွင် ကျွန်ုပ်တို့လည်း ကောင်းကင်ဘုံ၌ ကိုယ်တော်၏ဘေးတွင်စုရုံးပြီး ထာဝရ ဖူးမြော်ကြရပါမည်။

မင်း လုပ်နိုင်ပါသလား

- ဘုရားသခင်ကို နေ့တိုင်းအချိန်တိုင်း ချီးမွမ်းပါ။
- မည်သည့်အခြေအနေတွင်မဆို ဘုရားသခင်အား ချီးမွမ်းပါ။ ဒါက ကိုယ့်ဆုံးဖြတ်ချက်သာ ဖြစ်ပါသည်။
- ကျေးဇူးတင်တတ်သော စိတ်ထားမျိုး မွေးမြူပါ။ ကိုယ့်နံဘေးတွင်ရှိနေသော မိသားစု၊ အပေါင်းအသင်းမိတ်ဆွေများ၊ ဆရာသမားများအတွက် ကျေးဇူးတော် ချီးမွမ်းပါ။
- ကျေးဇူးတော်ချီးမွမ်းတတ်သော အလေ့အထ မွေးပါ။

ချီးမွမ်းကိုးကွယ်ခြင်း

ဆော့ကစားရအောင်

My Favorite Song

၁. ကလေးသူငယ်များအတွက် ကိုယ်အမူအရာ လုပ်ပြနိုင်သည့် ဓမ္မသီချင်းတပုဒ်ကို ရွေးချယ်ပါ။

၂. သီချင်းကို အလွတ်ရအောင် သင်ကြားပေးပါ။

၃. အဖွဲ့နှစ်ဖွဲ့ခွဲ၍ သီချင်းစာသားအလိုက် စိတ်ကြိုက်ကိုယ်အမူအရာများကို အချင်းချင်း တိုင်ပင်ဖန်တီးပြုလုပ်စေပါ။

၄. အဆင်သင့်ဖြစ်လျှင် အဖွဲ့တဖွဲ့မှ အခြားတဖွဲ့ကို ကိုယ်အမူအရာများ သင်ပေးပြီး အပြန်အလှန်အနေဖြင့် ပြန်လည်သင်ယူပါ။

၅. အားလုံး တတ်မြောက်ပြီးသည့်အခါ အကြိုက်ဆုံး ကိုယ်အမူအရာကို မဲပေး၍ရွေးချယ်စေပါ။ အခြားမည်သည့်သီချင်းကို ကြိုက်နှစ်သက်ပါသနည်း ဟုလည်း မေးပါ။

• **လက်တွေ့အသက်တာအတွက် သင်ခန်းစာ။ ရင်သွေးများအတွက် အသင့်တော်ဆုံးနည်းလမ်းဖြင့် ဝတ်ပြုကိုးကွယ်တတ်ရန် သင်ယူနေကြခြင်း ဖြစ်ပါသည်။ အရေးကြီးဆုံးအပိုင်းမှာ မည်သည့်က အနှစ်သက်ဆုံးသီချင်းဖြစ်သလဲ၊ ဘာကြောင့်နှစ်သက်သလဲ ဆိုသည့်အပိုင်းဖြစ်ပါသည်။ ဦးဆောင်သူက မည်သည့်သီချင်းကို နှစ်သက်သည် ဘာကြောင့် နှစ်သက်သည်ကို ပထမဦးစွာ ဝေမျှပေးနိုင်ပါသည်။**

မေးခွန်းများ

၁. အဘယ်ကြောင့် ထိုသီချင်းကို ရွေးချယ်ပါသနည်း။ (အရေးကြီးသောအချက်။ အဘယ်ကြောင့်ဟူသော မေးခွန်းကို အချိန်ယူ၍ ဖြေကြားစေပါ။ ထိုနည်းဖြင့် ဝတ်ပြုကိုးကွယ်ခြင်းအကြောင်း၊ အဘယ်ကြောင့် ဝတ်ပြုကိုးကွယ်ခြင်းကိုနှစ်သက်ကြောင်း၊ မည်သည့်သီချင်းကိုအနှစ်သက်ဆုံးဖြစ်ကြောင်း ကလေးများ သိလာပါလိမ့်မည်။)

၂. ကျမ်းစာထဲတွင် ဘုရားသခင်က သားတော်သခင်ယေရှုကို စေလွှတ်ပြီး သိုးထိန်းများနှင့်ပညာရှိများက ဝတ်ပြုကိုးကွယ်ကြကြောင်း ဖော်ပြထားပါသည်။ သခင်ယေရှုဖွားမြင်ခြင်း၊ အမှုတော်ဆောင်ခြင်း၊ သင့်အတွက်အသေခံခြင်း၊ သေခြင်းမှရှင်ပြန်ထမြောက်ခြင်း စသည်တို့အနက် မည်သည့်အရာအတွက် သင် အများဆုံး ကျေးဇူးတော် ချီးမွမ်းပါသနည်း။

၃. သခင်ယေရှုဘုရား၊ သူငယ်တော်အဖြစ် ဆင်းသက်ကြွလာခြင်းအတွက် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်ကို ရွေးနှုတ်ကယ်တင်သည့်အတွက် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်၏အရှင်သခင်အဖြစ် ဝတ်ပြုကိုးကွယ်ရသည့်အတွက် ကျေးဇူးတင်ပါသည်။ သီချင်းအားဖြင့်သာမက အခြားနည်းလမ်းများဖြင့် ဝတ်ပြုကိုးကွယ်နိုင်ရန် သွန်သင်တော်မူပါ။ (ခေတ္တရပ်နားပါ။) ကျွန်ုပ်ပြောသောစကား၊ အမူအရာနှင့် စိတ်သဘောထားအားဖြင့် ကိုယ်တော်၏လက်ရာတော်ကို အခြားသူများ မြင်တွေ့သိရှိသွားစေပါ။

©2018 The Prayer Covenant for Children/Games provided by GameLife77.com. All rights reserved.

ချီးမွမ်းကိုးကွယ်ခြင်း

လေ့ကျင့်ခန်း

၁ ချီးမွမ်းကိုးကွယ်ခြင်း အကြောင်း ဆုတောင်းချက် ပဌမစာကြောင်းကို မှတ်မိပါသလား။ အောက်တွင် ချရေးပါ။

၂ အောက်ပါကွက်လပ်များကို ဖြည့်ပါ။

ဆာ ၉:၁ အိုထာဝရဘုရား ကျွန်ုပ်သည် စိတ်နှလုံးအကြွင်းမဲ့ ကိုယ်တော်ကို ချီးမွမ်းပါမည်။

၃ သခင်ယေရှုကို အခြားမည်သည့်နည်းလမ်းများဖြင့် ကိုးကွယ်ဝတ်ပြုနိုင်ပါသေးသနည်း။

၄ မည်သည့်ဝတ်ပြုကိုးကွယ်ခြင်းပုံစံကို အကြိုက်ဆုံးနည်း။

၅ တုံ့ပြန်ရန်အချိန်

ဂီတတူရိယာတခုကို ပျော်ရွှင်စွာဖြင့် အလွယ်တကူ ပြုလုပ်နိုင်ပါသည်။ ရေဘူးအလွတ်ထဲသို့ ဆန်စေ့ သို့မဟုတ် ပဲစေ့အခြောက်များထည့်ပါ။ ထိုဘူးကို ရောင်စုံစက္ကူများ၊ ခဲတံများဖြင့် အလှဆင်ပါ။ သခင်ယေရှုအား သီချင်းဖြင့် သီဆိုချီးမွမ်းနိုင်ပါပြီ။

ချီးမွမ်းကိုးကွယ်ခြင်း

တေးကဗျာ သီဆိုရန်

သခင်ယေရှုသည် ချီးမွမ်းရန် အလွန်ထိုက်တန်ပါသည်။
အာမင်၊ အာမင်။

နေ့တိုင်း အချိန်တိုင်း ချီးမွမ်းပါမည်။
အာမင် အာမင်။

သားသမီးများ၏ သီချင်းသံကို ကိုယ်တော် နှစ်သက်ပါသည်။
အာမင်၊ အာမင်။

ထို့ကြောင့် အတူတကွ သီဆိုချီးမွမ်းကြပါစို့။
အာမင်၊ အာမင်။

အပြစ်မှ ကယ်တင်ဖို့ သခင်ယေရှု ကြွလာပြီ။
အာမင်၊ အာမင်။

ကျွန်ုပ်တို့၏ ရှင်ဘုရင် ခရစ်တော် ဘုန်းကြီးပါစေ။
အာမင်၊ အာမင်။

ကိုယ်တော်၏ ကျေးဇူးတော်ကို ကာလအစဉ် ချီးမွမ်းပါမည်။
အာမင်၊ အာမင်။

ဦးဆောင်သူက တကြောင်းဆိုပြလိုက်၊ ကလေးများက နောက်တကြောင်းဆိုလိုက်ဖြင့် လုပ်ဆောင်ရပါမည်။ ထို့နောက် ကလေးများအား မိမိတို့ဘာသာ တေးကဗျာတပုဒ် စပ်ဆိုကြည့်ရန် တိုက်တွန်းပါ။ သူတို့ အကြံပြုသမျှကို သင်ပုန်းပေါ်တွင် ချရေးပေးပါ။ သူတို့ကိုယ်တိုင် စပ်ဆိုထားသော သီချင်းကဗျာကြောင့် ကလေးများ မည်မျှ တတ်ကြွလာသည်ကို ကြည့်ရှုလိုက်ပါ။

ဆက်ကပ်အပ်နှံခြင်း

သခင်ယေရှုဘုရား၊ ကိုယ်တော်သည်
ကျွန်ုပ်၏ အရှင်သခင် ဖြစ်တော်မူပါ၏။
ကျွန်ုပ် သွားရာလမ်းကို ပွဲပြင်တော်မူပါ။

ပေတရုသည် ပြည့်စုံခြင်း မရှိသော်လည်း (လု ၂၂:၅၄-၆၂)

လု ၉:၂၃
ငါ၌ ဆည်းကပ်လိုသောသူ ဖြစ်လျှင် ကိုယ့်ကိုကိုယ် ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကို နေ့တိုင်းထမ်း၍ ငါ့နောက်သို့ လိုက်ရမည်။

ဆက်ကပ်အပ်နှံခြင်း

မင်း ပြောနိုင်သလား။

သခင်ယေရှုဘုရား၊ ကိုယ်တော်သည် ကျွန်ုပ်၏ အရှင်သခင် ဖြစ်တော်မူပါ၏။ ကျွန်ုပ် သွားရာလမ်းကို ပွဲပြင်တော်မူပါ။

လု ၉:၂၃

ငါ၌ ဆည်းကပ်လိုသောသူ ဖြစ်လျှင် ကိုယ့်ကိုကိုယ် ငြင်းပယ်ရမည်၊ ကိုယ်လက်ဝါးကပ်တိုင်ကို နေ့တိုင်းထမ်း၍ ငါ့နောက်သို့ လိုက်ရမည်။

မင်း ရှာတွေ့ပါသလား။

မ ၄:၁၈-၂၂

မ ၁၆:၂၄

ဂ ၂:၂၀

မင်း ခံစားမိပါသလား။

သခင်ယေရှုနောက်သို့ လိုက်ခြင်း ဆိုသည်မှာ အဘယ်နည်း။

ဘုရားသခင်က ကျွန်ုပ်ကို မည်ကဲ့သို့ ပွဲပြင်ပါသနည်း။

မည်သူ့နောက်၊ မည်သည့်အရာနောက် သင်လိုက်မည်နည်း။

ဆက်ကပ်အပ်နှံခြင်း

ဆုတောင်းရန် အဖွဲ့ခွဲ လုပ်ဆောင်ခြင်း

ဆုတောင်းချိန်တွင် ကလေးများကို အောက်ပါအတိုင်း ဆုတောင်း၍ ***ဦးဆောင်ပေးပါ။ “သခင်ယေရှုဘုရား၊ ကိုယ်တော်သည် ကျွန်ုပ်၏ အရှင်သခင် ဖြစ်တော်မူပါ၏။ ကျွန်ုပ် သွားရာလမ်းကို ပြပြင်တော်မူပါ။”*** ကလေးများက ထိုဆုတောင်းချက်ကို နောက်မှလိုက်ဆိုပါစေ။ ကိုယ်တော်ကို မိမိ၏ အရှင်သခင်အဖြစ် နောက်တော်သို့ လိုက်မည့်အကြောင်း ကလေးများက သူတို့၏ကိုယ်ပိုင်စကားလုံးဖြင့် ရိုးရှင်းစွာ တိုတိုတုတ်တုတ် ဆုတောင်းကြစေပါ။ နမူနာသင်ခန်းစာတွင် ်ဖော်ပြထားသည့် ဘုရားသခင်၏ နာမတော်နှင့်ဂုဏ်တော်များကို ကြွေးကြော်၍လည်း ဆုတောင်းနိုင်ကြပါသည်။

ပြောပါ။

- ဆက်ကပ်အပ်နှံခြင်း ဆိုသည်မှာတဦးဦး သို့မဟုတ် တခုခုအပေါ် သစ္စာရှိခြင်း ဖြစ်ပါသည်။
- ဆက်ကပ်အပ်နှံရာတွင် အချိန်၊ ငွေကြေးနှင့် ပင်ပန်းစွာ လုပ်ဆောင်ရခြင်းတို့ ပါဝင်ပါသည်။ အားကစားအသင်းတွင် ပါဝင်ရသည်နှင့် ဆင်တူပါသည်။ ကုန်ကျစရိတ်ပေး၊ လေ့ကျင့်ခန်းဆင်းရပြီး လက်တွေ့လည်း ပြိုင်ပွဲဝင်ကြရပါသည်။
- ကိုယ်တော်ကို သင့်ဘဝ၏ အရှင်သခင်အဖြစ် နောက်တော်သို့ လိုက်ရန် သခင်ယေရှုက သင့်ကို အလိုရှိပါသည်။
- ကိုယ်တော် အလိုတော်ရှိသည့်အတိုင်း ကျွန်ုပ်ကိုပဲ့ပြင်တော်မူပါဟု ဝန်ခံခြင်းသည် သင့်အသက်တာကို သခင်ယေရှုထံ အကြွင်းမဲ့အပ်နှံလိုက်ခြင်း ဖြစ်ပါသည်။
- ဆက်ကပ်အပ်နှံရန် တကယ် မလွယ်ကူတတ်ပါ။

ဆက်ကပ်အပ်နှံခြင်းအကြောင်း ဆွေးနွေးသောအခါ ကလေးများ တွေ့ကြုံဖူးသည်ကို ဝေမျှကြစေပါ။ (ဥပမာ အားကစားအသင်း၊ ဂီတတီးဝိုင်းများ စသဖြင့်) ထိုသို့လုပ်ဆောင်ရာတွင် မည်သည့်အရာများက လွယ်ကူသနည်း/ ခက်ခဲပါသနည်း။ သခင်ယေရှု၏ နောက်လိုက်ဆိုသည်မှာ အဘယ်ကို ဆိုလိုသည်ကို ရှင်းပြပါ။ မည်သည့်အချက်များ တူညီကြသနည်း။ မည်သည့်အချက်များ ကွာခြားနေပါသနည်း။ ကလေးများအား ပွင့်လင်းစွာ၊ စိတ်အားထက်သန်စွာ ဆွေးနွေးကြစေပါ။

ဆက်ကပ်အပ်နှံခြင်း

မင်း ကြားပါသလား

ပေတရုသည် မပြည့်စုံသော်လည်း (လု ၂၂:၅၄-၆၂)

ကိုယ်တော့်ကို အားလုံး ငြင်းပယ်လျှင်တောင် ကျွန်ုပ်တယ်တော့မှ မငြင်းဘူးဟု ပေတရုကပြောဖူးပါသည်။ သို့သော် ကိုယ်တော်က ကြက်မတွန်မီ သင်သည် ငါ့ကို သုံးကြိမ်တိုင်အောင် ငြင်းပယ်လိမ့်မည်ဟူ၍သာ တုံ့ပြန်တော်မူပါသည်။ ကိုယ်တော်လက်ဝါးကပ်တိုင်သို့ မတက်မီ ယဇ်ပုရောဟိတ်မင်း၏အိမ်ဝန်း၌ စစ်ကြောခံနေစဉ် ထိုအတိုင်းဖြစ်လာခဲ့ပါသည်။ အစေခံမိန်းကလေးတဦးက ပေတရုကိုမြင်လျှင် "ရှင် ယေရှုနဲ့ အတူရှိခဲ့တယ်" ဟု ပြောသောအခါ ပေတရုက "မဟုတ်ဘူး မင်း ဘာပြောနေမှန်း မသိဘူး" ဟု ငြင်းခဲ့ပါသည်။ နောက်အစေခံတဦးကလည်း ထိုသို့ ထပ်မံပြောပြန်လျှင် ပေတရုက ထပ်မံ ငြင်းဆန်ပြန်ပါသည်။ သူ့ကို လူအများ မှတ်မိမည်စိုးသောကြောင့် ပေတရုစိုးရိမ်ထိတ်လန့်နေစဉ် တွင်ပင် အခြားတစ်ယောက်က မှတ်မိသွားပြန်ပါသည်။ "မင်းလည်း အဲဒီအပေါင်းအပါတယောက်ပါ။ မင်းလေသံက ဂါလိလဲလေသံပဲ" ဟု ပြောပါသည်။ ထိုအခါ ပေတရုက "အဲဒီလူကို မသိပါဘူး" ဟု ထပ်မံငြင်းဆန်ပြန်ပါသည်။ ထိုစဉ် အောက်အီးအီးအွတ်ဟူသော ကြက်တွန်သံက ကြားလိုက်ရပြီး သခင်ယေရှုမိန့်တော်မူခဲ့သည်ကို ပေတရုပြန်၍ သတိရသွားပါသည်။ ထိုကြောင့် သူ အဝေးသို့သွားကာ ငိုကြွေးနေမိပါသည်။ သခင်ယေရှု မိန့်တော်မူသည့်အတိုင်း သူငြင်းပယ်မိခဲ့သည့်အတွက် အလွန် စိတ်ထိခိုက်သွားပါသည်။ သို့သော် သခင်ယေရှုသည် ပေတရုကို စိတ်မပျက်ခဲ့ပါ။ ကိုယ်တော်ရှင်ပြန်ထမြောက်ပြီးနောက်ပိုင်း တိဗေရိကန်အနီးတွင် တပည့်တော်အချို့နှင့် မနက်စာစားကြစဉ် ပေတရုကို ကိုယ်တော်က အောက်ပါအတိုင်း သုံးကြိမ်တိုင်တိုင် မေးခဲ့ပါသည်။ "ပေတရု ငါ့ကို ချစ်သလား"၊ ထိုသို့မေးတိုင်း "ကိုယ်တော့်ကို ကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိပါ၏" ဟု ပေတရုက အဖြေပေးပါသည်။ ထိုအခါ "ငါ့သိုးတို့ကို ကျွေးမွေးလော့" ဟု အကြိမ်တိုင်း ကိုယ်တော်ကပြန်၍ မှာကြားပါသည်။ ပေတရုကို တပည့်တော်ဖြစ်စေရန်၊ အခြားတပည့်တော်များကိုလည်း ကိုယ်တော့်ထံ ခေါ်ဆောင်ရန် သခင်ယေရှုက အလိုတော်ရှိပါသည်။ ပေတရုသည် မပြည့်စုံသော်လည်း ကိုယ်တော်ကို သူ၏အရှင်သခင်အဖြစ် အမှန်တကယ်လက်ခံပြီး နောက်တော်သို့လိုက်လိုသည်ကို သိရှိတော်မူခဲ့ပါသည်။ ပေတရုသည် ကိုယ်တော်ကို နောက်တကြိမ် မငြင်းပယ်တော့ပါ။

မင်း လုပ်နိုင်ပါသလား

- သခင်ယေရှုကို သင့်အသက်တာ၏ အရှင်အဖြစ် နောက်တော်သို့ လိုက်ရန် ဆက်ကပ်အပ်နှံပါ။
- သင့်အတွေး၊ အပြုအမူနှင့် ဆန္ဒများအားလုံးကို အပြည့်အဝ ထိန်းချုပ်ခွင့်ပေးရန် ကိုယ်တော်ကို ဆက်ကပ်အပ်နှံပါ။
- လောကတွင် ရှိသမျှထက် ကိုယ်တော်က ပို၍အရေးကြီးကြောင်း၊ ကိုယ်တော်ကို နာခံလိုက်လျှောက်ပြီး ကိုယ်တော်နည်းတူ ဖြစ်လိုကြောင်း သခင်ယေရှုကို အသိပေးပါ။

ဆက်ကပ်အပ်နှံခြင်း

ဆော့ကစားရအောင်

အမှား/အမှန်

၁. ကလေးများ အားလုံးကို အခန်း၏အလယ်တွင် အရှေ့အနောက် တန်းစီထားစေပါ။

၂. အခန်းကို မျဉ်းတကြောင်းဖြင့် နှစ်ခြမ်းခွဲလိုက်ပါ။ မေးခွန်းတခု မေးသောအခါ ကလေးများသည် မှားသည်၊မှန်သည်ဟု မဖြေရဘဲ မှန်လျှင် ညာဘက်ခြမ်းသို့၊ မှားလျှင် ဘယ်ဘက်ခြမ်းသို့ သွားကြရပါမည်။

၃. ရယ်စရာ မေးခွန်းများဖြင့် စတင်နိုင်ပါသည်။ ဥပမာလမင်းကြီးကို ဒိန်ခဲနဲ့လုပ်ထားတယ်။ ထိုအခါ ကလေးများသည် မှားသည်ဟု ဖြေဆိုရန် ဘယ်ဘက်အခြမ်းသို့ သွားကြရပါမည်။

၄. ပျော်ရွှင်ဖွယ်ဖြစ်စေရန်။ အဖြေမှန်ရှိသည့် နံရံသို့ နောက်ဆုံးမှ ရောက်သော ကလေးနှစ်ဦးသည် ထွက်ပြီး နောက်တလှည့်မှ ပါဝင်ယှဉ်ပြိုင်ရပါမည်။ ကလေး (၄) ယောက်သာ ကျန်ရှိသည်အထိ ဆော့ကစားပြီး ထိုသူများကို အနိုင်ရသူများဟု ကြေငြာပေးပါ။

၅. အရေးကြီးသောအချက်။ ပြီးခဲ့သော သင်ခန်းစာများမှ ပြန်လှန်မေးခွန်းများထုတ်မေးပါ။ ဥပမာသခင်ယေရှုသည် ကောင်းသောသိုးထိန်းဖြစ်တော်မူသည်။ ထိုအခါကလေးများသည် မှန်သောအဖြေအတွက် ညာဘက်အခြမ်းနံရံသို့ ပြေးသွားရပါမည်။

- **လက်တွေ့အသက်တာအတွက်သင်ခန်းစာ။ ပေတရုသည် အမှန်အတိုင်းမပြောခဲ့ပါ။ သူ့ကိုယ်သူကာကွယ်ရန် လိမ်ညာပြောမိခဲ့ပြီး ထိုအတွက် အလွန်ဝမ်းနည်းခဲ့ရပါသည်။ အမြဲတမ်း အမှန်အတိုင်းသာပြောရန် ကျွန်ုပ်တို့အား ဘုရားသခင် အလိုတော်ရှိပါသည်။ ကိုယ်တော်သည် လမ်းခရီး၊သမ္မာတရားနှင့်အသက် ဖြစ်ပါသည်။ ယုံကြည်သူများသည် ထိုသမ္မာတရားအတိုင်း နာခံလိုက်လျှောက်ရပါမည်။**

မေးခွန်းများ

၁. ကစားနည်း၏ မေးခွန်းတိုင်းတွင် အမှန်နှင့်အမှား ဟူ၍ အဖြေနှစ်မျိုးသာ ရှိပါသည်။ အဖြေမှန်လျှင် မည်သည့်ဘက်သို့ သွားရမည်နည်း။ (ညာဘက်)

၂. ပေတရုသည် အမှန်သို့မဟုတ် အမှား မည်သည်ကို ပြောခဲ့သည်ဟု ကျမ်းစာတွင်ဖော်ပြထားပါသနည်း။ အဘယ်ကြောင့် သူလိမ်ပြောခဲ့သနည်း။ အကယ်၍ သင့်တွင် အမှန်သို့မဟုတ် လိမ်ပြောရန် အခွင့်အရေးရှိလျှင် မည်သည်ကို ရွေးချယ်မည်နည်း။ (အမှန်အတိုင်း ပြောပါမည်။) အဘယ်ကြောင့်နည်း။ (လိမ်ပြောလျှင် ဝမ်းနည်းရတတ်ပါသည်။ ဘုရားသခင်ကို မနာခံခြင်းလည်း ဖြစ်ပါသည်။)

၃. သခင်ယေရှုဘုရား၊ ကိုယ်တော်ကို ကျွန်ုပ်၏သခင်အဖြစ် နောက်တော်သို့လိုက်ပါမည်။ ကိုယ်တော်အလိုတော်ရှိသည့်အတိုင်း ကျွန်ုပ်ကို ပုံသွင်းပြုပြင်တော်မူပါ။ ကျွန်ုပ်လိုက်လျှောက်ရမည့်လမ်းကို ပြသွန်တော်မူပါ။ (ခေတ္တရပ်နားပါ။) ဤလမ်းသည် လွယ်ကူမည် မဟုတ်သော်လည်း ကိုယ်တော် ကျွန်ုပ်ကိုလမ်းပြမည်ဟု ယုံကြည်ပါ၏။

©2018 The Prayer Covenant for Children/Games provided by GameLife77.com. All rights reserved.

ဆက်ကပ်အပ်နှံခြင်း

လေ့ကျင့်ခန်း

၁ ဆက်ကပ်အပ်နှံခြင်း အကြောင်း ဆုတောင်းချက် ဆဌမမြောက်စာကြောင်းကို မှတ်မိပါသလား။ အောက်တွင်

၂ အောက်ပါကွက်လပ်များကို ဖြည့်ပါ။

လု ၉:၂၃ ငါ၌ ဆည်းကပ်လိုသောသူ ဖြစ်လျှင် ကိုယ့်ကိုကိုယ် ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကို နေ့တိုင်းထမ်း၍ ငါ့နောက်သို့ လိုက်ရမည်။

၃ သခင်ယေရှုနောက်လိုက်ခြင်းသည် အဘယ်ကြောင့် ဆက်ကပ်အပ်နှံခြင်း ဖြစ်ပါသနည်း။

၄ မည်သည့်အရာများကို ဆက်ကပ်အပ်နှံရမည်နည်း။

၅ တုံ့ပြန်ရန်အချိန်

မျက်စိမှိတ်၍ သခင်ယေရှုကို မေးကာ နားထောင်ပါ။ “ကိုယ်တော်ထံ ဆက်ကပ်အပ်နှံပြီး နောက်လိုက်တစ်ယောက်အဖြစ် ကျွန်ုပ်သည် မည်သို့ ဖြစ်နေမည်နည်း။” သင်ဘာတွေလုပ်နေမည်နည်း။ သခင်ယေရှု ဖော်ပြသောအရာကို ရုပ်ပုံရေးဆွဲပါ။ အခြားသူများ၊ မိသားစုဝင်များနှင့် မျှဝေပါ။

ဆက်ကပ်အပ်နှံခြင်း

တေးကဗျာ သီဆိုရန်

တနေ့လုံး အမေ့ကို ကူညီလုပ်ကိုင်ပေးတယ်။

ကောင်းလိုက်တာ၊ ကောင်းလိုက်တာ။

အားကစားအသင်းမှာ စာရင်းပေးပြီး သွားမဆော့ဖြစ်ဘူး။

မကောင်းဘူးနော်၊ မကောင်းဘူးနော်။

စာမလိုက်နိုင်တဲ့ သူငယ်ချင်းကို ကူညီပေးတယ်။

ကောင်းလိုက်တာ၊ ကောင်းလိုက်တာ။

စိတ်မပါလို့ လေ့ကျင့်ခန်းမလုပ်ဘူး။

မကောင်းဘူးနော်၊ မကောင်းဘူးနော်။

ပြောတဲ့အတိုင်း ကတိတည်အောင် နေတယ်။

ကောင်းလိုက်တာ၊ ကောင်းလိုက်တာ။

သင့်ရဲ့ ဆက်ကပ်အပ်နှံခြင်းအတိုင်း နေပြီး ဆုတောင်းဖို့လည်း သတိရပါ။

ဦးဆောင်သူက တကြောင်းဆိုပြလိုက်၊ ကလေးများက နောက်တကြောင်းဆိုလိုက်ဖြင့် လုပ်ဆောင်ရပါမည်။ ထို့နောက် ကလေးများအား မိမိတို့ဘာသာ တေးကဗျာတပုဒ် စပ်ဆိုကြည့်ရန် တိုက်တွန်းပါ။ သူတို့ အကြံပြုသမျှကို သင်ပုန်းပေါ်တွင် ချရေးပေးပါ။ သူတို့ကိုယ်တိုင် စပ်ဆိုထားသော သီချင်းကဗျာကြောင့် ကလေးများ မည်မျှ တတ်ကြွလာသည်ကို ကြည့်ရှုလိုက်ပါ။

ခိုလှုံကိုးစားခြင်း

ကျွန်ုပ်အတွက် ကိုယ်တော်၏
အကြံအစည်တော်များကို
သိရှိနားလည်နိုင်ရန် သန့်ရှင်းသော
ဝိညာဉ်တော်ဖြင့် ပြည့်ဝစေတော်မူပါ။

ဥပဇ္ဈယ်ဆရာ (ယော၁၄:၁၅-၂၁)

ဧ ၅:၁၈ခ

သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ကြလော့။

ခိုလှုံကိုးစားခြင်း

မင်း ပြောနိုင်သလား။

ကျွန်ုပ်အတွက် ကိုယ်တော်၏ အကြံအစည်တော်များကို သိရှိနားလည်နိုင်ရန် သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ပြည့်ဝစေတော်မူပါ။

ဧ ၅:၁၈ခ
သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ကြလော့။

မင်း ရှာတွေ့ပါသလား။

တ၂:၁-၁၇
ရော ၈:၂၆၊၂၇
ရော ၁၅:၁၃
ဂ ၅:၂၂-၂၆
ယော ၁၆:၁၃က

မင်း ခံစားမိပါသလား။

သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝခြင်း ဆိုသည်မှာ အဘယ်နည်း။

ဘုရားသခင်ကို ခိုလှုံခြင်း ဆိုသည်မှာ အဘယ်နည်း။

ဘုရားသခင်၏ အသံတော်ကို ကြားခြင်းဆိုသည်မှာ အဘယ်နည်း။

ဝိညာဉ်တော်ဖြင့် မည်ကဲ့သို့ ပြည့်ဝနိုင်မည်နည်း။

ခိုလှုံကိုးစားခြင်း

ဆုတောင်းရန် အဖွဲ့ခွဲ လုပ်ဆောင်ခြင်း

ဆုတောင်းချိန်တွင် ကလေးများကို အောက်ပါအတိုင်း ဆုတောင်း၍ ဦးဆောင်ပေးပါ။ ***“ကျွန်ုပ်ကို ဝိညာဉ်တော်နှင့် ပြည့်စေပါ။ ကျွန်ုပ်အတွက် ကိုယ်တော်၏ အကြံအစည်တော်များ ကိုသိလိုပါ၏။”*** ကလေးများက ထိုဆုတောင်းချက်ကို နောက်မှ လိုက်ဆိုပါစေ။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝပြီး အခြားသူများအတွက် ဝိညာဉ်တော် စီးဆင်းရာ ဖြစ်စေရန် ကလေးများက သူတို့၏ ကိုယ်ပိုင်စကားလုံးဖြင့် ရိုးရှင်းစွာ တိုတိုတုတ်တုတ် ဆုတောင်းကြစေပါ။ နမူနာသင်ခန်းစာတွင် ဖော်ပြထားသည့် ဘုရားသခင်၏နာမတော်နှင့် ဂုဏ်တော်များကို ကြွေးကြော်၍လည်း ဆုတောင်းနိုင်ကြပါသည်။

ပြောပါ။

- ဘုရားသခင်က ကျွန်ုပ်တို့အား စကားပြောလိုပါသည်။ သို့သော် တခါတရံ ကျွန်ုပ်တို့ကြားရန် ခက်ခဲနေတတ်ပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့သာ နားစိုက်ထောင်နေလျှင် ကိုယ်တော်၏အသံတော်ကို နားဆင်နိုင်ကြပါမည်။
- သန့်ရှင်းသော ဝိညာဉ်တော်ဘုရားအား ခိုလှုံကိုးစားရန် လိုအပ်ပါသည်။ မိမိတို့၏ ကိုယ်ပိုင်အစွမ်းအစ မဟုတ်ဘဲ ဘုရားသခင်၏ တန်ခိုးတော်ကိုသာ ခိုလှုံကိုးစားရပါမည်။
- သခင်ယေရှုနည်းတူ ဖြစ်လာရန် သန့်ရှင်းသော ဝိညာဉ်တော်ကို အားကိုးရပါမည်။
- သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝလာသည်နှင့်အမျှ သခင်ယေရှုက သင့်ကို ပို၍ အသုံးပြုလာပါလိမ့်မည်။
- ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်သည်းခံခြင်းနှင့် အခြားဝိညာဉ်အသီးများကို ပိုမိုခံစားလာရပါမည်။

နေ့စဉ်လမ်းပြပေးရန် အားကိုးရသော မိတ်ဆွေသို့မဟုတ် ဥပဇ္ဈာယ်ဆရာတဦးရှိနေခြင်းသည် မည်သည်ကို ဆိုလိုကြောင်း ရှင်းပြ၍ စတင်ဆွေးနွေးပါ။ ထိုသို့ ပေါင်းသင်းဆက်ဆံရာတွင် မည်ကဲ့သို့ခံစားကြရမည်နည်း။ ဝိညာဉ်ဆုကျေးဇူးအသီးအမျိုးမျိုးအကြောင်း ဆွေးနွေးပေးပါ။ မည်သည့်အရာသည် ကလေးများအတွက် ပို၍ ခက်ခဲသည်ကို ကလေးများအား ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးကြစေပါ။

ခိုလှုံကိုးစားခြင်း

မင်း ကြားပါသလား

ဥပဓ္ဓယ်ဆရာ (ယော၁၄:၁၅-၃၁)

အချိန်ခဏ မျက်စိမှိတ်ကာ သင် အလွန်ချစ်ခင်ရသော သူငယ်ချင်းတဦးကို ပုံဖော်ကြည့်ပါ။ သူတို့မျက်နှာများကို မြင်တွေ့နိုင်ပါသလား။ ထိုသူများက "မနက်ဖြန် အလွန်ဝေးပြီး မင်း လိုက်မလာနိုင်တဲ့ နေရာတခုကို ငါသွားတော့မယ်။ ဒါပေမယ့် စိတ်မပူပါနဲ့။ မင်းနဲ့ စကားပြောဖို့၊ အတူတူကစားဖို့ ငါ့ဝိညာဉ်ကို ထားခဲ့မယ်" ဟု ပြောသည်ကို စိတ်ကူးကြည့်ပါ။ ဘုရားသခင်မှလွဲ၍ ဤကဲ့သို့ မည်သူမှ မလုပ်နိုင်သော်လည်း သခင်ယေရှုအသေခံတော်မမူမီ၊ ဘုရားသခင်၏ လက်ယာဘက်ကောင်းကင်ဘုံသို့ မတက်ကြွမီ ထိုနည်းတူ မိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်က ကျွန်ုပ်တို့ကို ဒီအတိုင်းပစ်မထားခဲ့ပါ။ "ငါသည် ခမည်းတော်ကို တောင်း၍ သမ္မာတရားကို ပြသော ဝိညာဉ်တော်တည်း ဟူသော တပါးသောဥပဓ္ဓယ်ဆရာကို သင်တို့နှင့်အတူ အစဉ်မပြတ်တည်နေစေခြင်းငှါ .." ဟူ၍ ယော၁၄:၁၆–၁၇ တွင် မိန့်တော်မူခဲ့ပါသည်။

အသင်းတော်၏ သာသနာစတင်ရန်လည်း ဝိညာဉ်တော်ကို သခင်ယေရှုက စေလွှတ်ခဲ့ပါသေးသည်။ တက်ကြွပြီး သိပ်မကြာမီ ပင်တေကုတ္တေဟူသော အထူးနေ့တရက်၌ လေပွေကဲ့သို့ တိုက်ခတ်ကာ လူတိုင်းကို သန့်ရှင်းသော ဝိညာဉ်တော်မှုတ်သွင်းပေးခဲ့ပါသည်။ ဝိညာဉ်တော်သည် သူတို့နှင့်အတူ လမ်းပြသူ၊ ဥပဓ္ဓယ်ဆရာအဖြစ် အစဉ်မပြတ်ရှိနေခဲ့ပါသည်၊ သင်နှင့်ကျွန်ုပ်ကဲ့သို့ ဘုရားသခင်၏သားသမီးများတွင်လည်း သန့်ရှင်းသောဝိညာဉ်တော် ကိန်းအောင်းလျက်ရှိပါသည်။ ကျွန်ုပ်တို့ကို လမ်းပြလျက်ရှိပါသည်။ သင်နားထောင်ပါမည်လား။

မင်း လုပ်နိုင်ပါသလား

- ဝိညာဉ်တော်၏ လမ်းပြသွန်သင်ခြင်းအပေါ် အားကိုးပါ။
- နေ့စဉ် ဝိညာဉ်တော်ဖြင့် ဖြည့်သွင်းပေးရန် ကောင်းကင်အဘထံ တောင်းလျှောက်ပါ။
- အချိန်ယူပြီး ဘုရားသခင်ထံ နားဆင်နိုင်ပါမည်လား။ အမြင့်ဆုံးသော ဘုရားသခင်၏ ရှေ့တော်မှောက်တွင် အချိန်ငါးမိနစ်ခန့် ငြိမ်သက်စွာနေပေးပါ။ နားဆင်ခြင်းသည် ပြောနေခြင်းထက်ပင် ပို၍ အရေးကြီးတတ်ပါသည်၊ ဘုရားသခင်က သင့်ကို မည်ကဲ့သို့ စကားပြောနေပါသနည်း။ ဆာ၄၆:၁၀ကို အတူတကွ ဖတ်ရှုကြပါစို့။

ခိုလှုံကိုးစားခြင်း

ဆော့ကစားရအောင်

ရှိမုန်

၁. ဤကစားနည်းအတွက် အာရုံစိုက်နားထောင်ရန် လိုအပ်ကြောင်း ကလေးများအား ရှင်းပြပါ။

၂. ဦးဆောင်သူတဦးသည် ရှိမုန်ဖြစ်ပြီး သူက "မတ်တပ်ရပ်" ပါဟု ပြောပါလိမ့်မည်။ "ရှိမုန် မတ်တပ်ရပ်" ဟုပြောမှသာ ကလေးများက ထိုအတိုင်း လိုက်လုပ်ရမည် ဖြစ်ပါသည်။

၃. "ရှိမုန်" ဟု အစချီသော စကားမဟုတ်ဘဲ လိုက်လုပ်မိလျှင် ထိုကလေးသည် ကစားနည်းမှ ထွက်ရပါမည်။

၄. အစပိုင်းတွင် မတ်တပ်ရပ်၊ ထိုင်၊ ထ စသည်ဖြင့် ရိုးရှင်းစွာ လုပ်ခိုင်းပြီး နောက်ပိုင်းတွင် မတ်တပ်ရပ်ပြီး ခါးထောက်၊ ထိုင်ပြီးလက်ပိုက် စသဖြင့် အမျိုးမျိုး ပေါင်းစပ်လုပ်ခိုင်းရပါမည်။

၅. ကလေး (၄) ယောက်သာ ကျန်သည်အထိ အမျိုးမျိုး ခိုင်းကြည့်ပြီး ထိုကလေးများကို အနိုင်ရသူများအဖြစ် ကြေငြာပေးပါ။

၆. အရေးကြီးသောအချက်။ နောက်တကြိမ် ထပ်မံကစားလျှင် ရှိမုန်စကားလုံးကို တိုးတိုးသာဆိုပါ။

၇. ကလေး (၄) ဦးသာ ကျန်သည်အထိ ကစားပြီး ဤတကြိမ်တွင် အဆင့်မြင့် အနိုင်ရသူများအဖြစ် ကြေငြာပေးပါ။

• **လက်တွေ့အသက်တာအတွက်သင်ခန်းစာ။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့ကို ဘုရားသခင်က စကားပြောနေပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့ကို နှစ်သိမ့်လမ်းပြပေးနေကြောင်း ယုံကြည်ရပါမည်။ ကျွန်ုပ်တို့နှလုံးသားအတွင်း၌ ဘုရားသခင် စကားပြောနေသည်ကို ကြားအောင် အာရုံစိုက်ပေးဖို့ လိုအပ်ပါသည်။**

မေးခွန်းများ

၁. ရှိမုန်၏ စကားကို ကောင်းစွာ နားထောင်တတ်အောင် မည်ကဲ့သို့ လုပ်ဆောင်ရမည်နည်း။ (အနီးကပ်နေ၊ အာရုံစိုက်ပြီး ချက်ချင်းလုပ်ဆောင်ပါ။) ရှိမုန်က တိုးတိုးလေးပြောလျှင် ဘာဆက်လုပ်ရမည်နည်း။

၂. သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှု၊ ဖော်ပြသွန်သင်ခြင်းကို နားဆင်ဖို့ လိုအပ်ပါသည်။ ဘုရားသခင် စကားပြောသည်ကို မည်ကဲ့သို့ ကြားနိုင်မည်နည်း။ ကျွန်ုပ်တို့ ဘာလုပ်ရမည်နည်း။ (အနီးကပ်နေ၊ အာရုံစိုက်ပြီး ချက်ချင်းလုပ်ဆောင်ပါ။) သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြသွန်သင်မှုကို အားကိုးခြင်းဆိုသည်မှာ အဘယ်နည်း။

၃. ဘုရားသခင်သည် ကျွန်ုပ်ကို သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝစေပြီး ကျွန်ုပ်ကို စကားပြောသောအခါ ဖြည်းညှင်းသောအသံတော်ကို ကြားနိုင်ရန် ကူညီမစပေးပါသည်။ ယခုပင် နှလုံးသားအတွင်း၌ သန့်ရှင်းသောဝိညာဉ်တော်က စကားပြောနေပြီး ဘုရားသခင်နှင့် ပိုမိုနီးကပ်စေရန် မည်သို့ လုပ်ဆောင်ရမည်ကို ပြသနေပါသည်။ (ခေတ္တရပ်နားပါ။) သန့်ရှင်းသော ဝိညာဉ်တော်ဘုရား ကျွန်ုပ်ကို လမ်းပြသွန်သင်ပေးသည့်အတွက် ကျေးဇူးတင်ပါ၏။

©2018 The Prayer Covenant for Children/Games provided by GameLife77.com. All rights reserved.

ခိုလှုံကိုးစားခြင်း

လေ့ကျင့်ခန်း

၁ ဗို၍ ခက်ခဲလာသော်လည်း သင်လုပ်နိုင်ပါသည်။ ခိုလှုံကိုးစားခြင်း အကြောင်း ဆုတောင်းချက် သတ္တမစာကြောင်းကို မှတ်မိပါသလား။ အောက်တွင်ချရေးပါ။။။

၂ အောက်ပါကွက်လပ်များကို ဖြည့်ပါ။

ဧ ၅:၁၈ခ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ကြလော့။

၃ အောက်တွင်ဖော်ပြထားသော ၀ ဝိညာဉ်တော်၏အသီးကိုဖော်ပြပါ။

____________________ ____________________ ______________________

____________________ ____________________ ______________________

____________________ ____________________ ______________________

၄ သင့်အသက်တာ၌ လက်တွေ့ပြသရန် အခက်ခဲဆုံး ဝိညာဉ်အသီးများမှာ အဘယ်နည်း။ ထိုအတွက် မည်ကဲ့သို့ ဆုတောင်းနိုင်မည်နည်း။

၅ တုံ့ပြန်ရန်အချိန်

ဘုရားသခင်အား အချိန်ငါးမိနစ် ပေးပါ။ မျက်လုံးမှိတ်၍ ကိုယ်တော်တာပြောမည်ကို နားဆင်ကြည့်ပါ။ ကျမ်းချက်တခု ပေါ်လာပါသလား။ အကြံအစည်တခုကို ဖော်ပြပါသလား။ လူတစ်ယောက်ကို အမှတ်ရမိပါသလား။ ဘုရားသခင် သင့်ကို ဖော်ပြသည်ဟု ထင်သောအရာကို စက္ကူပေါ်တွင် ရေးဆွဲဖော်ပြပေးပါ။

ခိုလှုံကိုးစားခြင်း

တေးကဗျာ သီဆိုရန်

သူငယ်ချင်းကို ဘုရားကျောင်းခေါ်ဖို့ သင်းသင်း ဆုံးဖြတ်လိုက်တယ်။

ဝိညာဉ်တော် လမ်းပြလို့၊ လမ်းပြလို့။

မောင်မောင် စာမကြိုးစားဘဲ ခိုးချတယ်။

ဝိညာဉ်တော် လမ်းမပြဘူး၊ လမ်းမပြဘူး။

စုစုက တတန်းလုံးရှေ့မှာ သက်သေခံတယ်။

ဝိညာဉ်တော် လမ်းပြလို့၊ လမ်းပြလို့။

ကိုကိုက နေမကောင်းသူအတွက် ဆုတောင်းပေးတယ်။

ဝိညာဉ်တော် လမ်းပြလို့၊ လမ်းပြလို့။

ကောင်းကောင်းက သူများဥစ္စာကို ယူတယ်။

ဝိညာဉ်တော် လမ်းမပြဘူး။ လမ်းမပြဘူး။

လှလှက ညတိုင်း ဆုတောင်းတတ်လာပြီ။

ဝိညာဉ်တော် လမ်းပြလို့၊ လမ်းပြလို့။

ဦးဆောင်သူက တကြောင်းဆိုပြလိုက်၊ ကလေးများက နောက်တကြောင်းဆိုလိုက်ဖြင့် လုပ်ဆောင်ရပါမည်။ ထို့နောက် ကလေးများအား မိမိတို့ဘာသာ တေးကဗျာတပုဒ် စပ်ဆိုကြည့်ရန် တိုက်တွန်းပါ။ သူတို့ အကြံပြုသမျှကို သင်ပုန်းပေါ်တွင် ချရေးပေးပါ။ သူတို့ကိုယ်တိုင် စပ်ဆိုထားသော သီချင်းကဗျာကြောင့် ကလေးများ မည်မျှ တတ်ကြွလာသည်ကို ကြည့်ရှုလိုက်ပါ။

ပုံသက်သေပြခြင်း

ကိုယ်တော်၏ ကျေးဇူးတော်၊
သမ္မာတရားနှင့် တရားစီရင်ခြင်းအတွက်
ကျွန်ုပ်ကို အသုံးပြုတော်မူပါ။



သခင်ယေရှုနှင့် ကလေးသူငယ်များ (မ ၁၈:၁-၆)

ယောဒ ၁:၁၄

ကျေးဇူးတော်နှင့်ဂုဏ်၊ သစ္စာတော်နှင့်ဂုဏ်းပြည့်စုံလျက် ငါတို့တွင်
တည်နေတော်မူသည်ဖြစ်၍ ခမည်းတော်၌ တပါးတည်းသောသားတော်၏
ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။

ပုံသက်သေပြခြင်း

မင်း ပြောနိုင်သလား။

ကိုယ်တော်၏ ကျေးဇူးတော်၊ သမ္မာတရားနှင့် တရားစီရင်ခြင်းအတွက် ကျွန်ုပ်ကို အသုံးပြုတော်မူပါ။

ယော ၁:၁၄

ကျေးဇူးတော်နှင့်၎င်း၊ သစ္စာတော်နှင့်၎င်းပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍
ခမည်းတော်၌ တပါးတည်းသောသားတော်၏ ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။

မင်း ရှာတွေ့ပါသလား။

မ ၁၉:၁၃-၁၅

တ ၂:၁၆၊၁၇

လု ၁၈:၁၅-၁၇

မင်း ခံစားမိပါသလား။

ဘုရားသခင်က ကျွန်ုပ်အား မည်သည့်ဆုကျေးဇူးများ ပေးထားပါသနည်း။

ဘုရားသခင်၏ ကျေးဇူးတော်ကို အခြားသူများအား မည်ကဲ့သို့ ပြသနိုင်မည်နည်း။

သမ္မာတရားနှင့် မုသားကြား ကွာခြားချက်သည် အဘယ်နည်း။

လိမ်လည်ခြင်းသည် မည်သည့်အတွက် မှားယွင်းနေရပါသနည်း။

ပုံသက်သေပြခြင်း

ဆုတောင်းရန် အဖွဲ့ခွဲ လုပ်ဆောင်ခြင်း

ဆုတောင်းချိန်တွင် ကလေးများကို အောက်ပါအတိုင်း ဆုတောင်း၍ ဦးဆောင်ပေးပါ။ ***"ကိုယ်တော်၏ ကျေးဇူးတော်၊ သမ္မာတရားနှင့် တရားစီရင်ခြင်းအတွက် ကျွန်ုပ်ကို အသုံးပြုတော်မူပါ။"*** ကလေးများက ထိုဆုတောင်းချက်ကို နောက်မှ လိုက်ဆိုပါစေ။ ကိုယ်တော်၏ ကျေးဇူးတော်နှင့် သမ္မာတရားကို ပတ်ဝန်းကျင်ရှိ လူများအား ပုံသက်သေပြခြင်းနှင့် ပတ်သက်ပြီး ကလေးများက တိုတိုတုတ်တုတ်ဖြင့် သူတို့၏ ကိုယ်ပိုင်စကားလုံးဖြင့် ရိုးရှင်းစွာ ဆုတောင်းကြစေပါ။ နမူနာသင်ခန်းစာတွင် ဖော်ပြထားသည့် ဘုရားသခင်၏ နာမတော်နှင့် ဂုဏ်တော်များကို ကြွေးကြော်၍လည်း ဆုတောင်းနိုင်ကြပါသည်။

ပြောပါ။

- သခင်ယေရှုသည် တရားမျှတခြင်းကို နာမကျန်းသူများအား ကုသပေးခြင်း၊ ဆင်းရဲသောသူများအား ချမ်းသာစေခြင်းအားဖြင့် နေ့စဉ်ပြသတော်မူပါသည်။
- ကြီးငယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး ကိုယ်တော်က လက်ခံပါသည်။
- လူတိုင်းကို ကိုယ်တော်က တပြေးညီမျှတစွာ ဆက်ဆံတော်မူပါသည်။
- လူတိုင်းကို ချစ်ခင်မြတ်နိုးစွာ၊ ကြင်နာစွာ ဆက်ဆံတော်မူပါသည်။
- ကိုယ်တော်သည် သမ္မာတရားကိုသာ ပြောပါသည်။

တရားမျှတခြင်းအတွက် မည်ကဲ့သို့ သံတမန်ဖြစ်နိုင်မည်ဟူသော နည်းလမ်းများအကြောင်း ကလေးများအား ဆွေးနွေးကြစေပါ။ မည်သည့်အချိန်တွင် သမ္မာတရားကို ပြောကြားရန် ခက်ခဲနိုင်မည်နည်းဟု ဆွေးနွေးကြည့်ပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နှလုံးသားတွင်း၌ ထားခြင်းအားဖြင့် သမ္မာတရားကို ကြားပြောရန် မည်သို့ အထောက်အကူ ရပါသနည်း။

ပုံသက်သေပြခြင်း

မင်း ကြားပါသလား

သခင်ယေရှုနှင့် ကလေးသူငယ်များ (မ ၁၈:၁-၆)

သာယာသောနေ့တနေ့တွင် တပည့်တော်များသည် ကိုယ်တော်၏အနီးတွင် စုရုံး၍ စကားပြောဆိုနေကြပါသည်။ အိမ်တွင်၊ ကျောင်းတွင်၊ သို့မဟုတ် ဆော့ကစားချိန်တွင် မည်သူ့ကို ဦးစားပေးသနည်းဟု ကျွန်ုပ်တို့ စိတ်သောကရောက်သကဲ့သို့ တပည့်တော်များသည်လည်း ထိုအတိုင်း ဖြစ်နေကြပါသည်။ ထို့ကြောင့် "ကောင်းကင်ဘုံမှာ ဘယ်သူက အကြီးမြတ်ဆုံးဖြစ်မှာလဲ သခင်" ဟု ခေါင်းကိုကုတ်ကာ ကိုယ်တော်ကို မရဲတရဲ မေးကြပါသည်။ သူတို့အထင်မှာ ကိုယ်တော်က သူတို့တဦးဦး၏ အမည်ကို ပြောမည်ဟု ထင်မှတ်ထားကြပါသည်။ ကိုယ်တော်သည် သူတို့ဘာတွေးသည်ကို သိတော်မူသောကြောင့် ကလေးတဦးကို အနီးသို့ ခေါ်လိုက်ပါသည်။ "လာပါဦးကွာ" ထို့နောက်မှ တပည့်တော်များအား တည့်တည့်ကြည့်ကာ အောက်ပါအတိုင်း မိန့်တော်မူခဲ့ပါသည်။ "ဤသူငယ်ကဲ့သို့ မိမိကိုယ်မိမိ နှိမ့်ချသောသူသည် ကောင်းကင်ဘုံ၌ အကြီးမြတ်ဆုံးဖြစ်လိမ့်မည်။" ထို့ထက် ပို၍လေးနက်သော စကားကိုလည်း ထပ်မံ မိန့်တော်မူပါသေးသည်။ "ငါ၏နာမကို ထောက်၍ သူငယ်တဦးတယောက်ကို လက်ခံလျှင် ငါ့ကိုပင် လက်ခံ၏။" ကိုယ်တော်သည် သမ္မာတရားကိုသာ မိန့်တော်မူသောကြောင့် ထိုစကားမှန်သည်ကို ကျွန်ုပ်တို့ သိကြပါ၏။

ကိုယ်တော်၏ နှလုံးသားတွင် တရားမျှတခြင်း အမြဲရှိပါ၏။ ဆင်းရဲသူများကို ဂရုစိုက်သလို နာမကျန်းသူများကိုလည်း ပြုစုပေးပါသည်။ စိတ်နာကျင်ကြေကွဲနေသူများအား ငြိမ်သက်ခြင်းပေးပါသည်။ အများအားဖြင့် လူအများ လျစ်လျူရှုထားတတ်ကြသော ကလေးများကိုပင် အချိန်ပေးလေ့ ရှိပါသည်။ "သူငယ်တစုံတဦးကို နာကျင်စေသောသူသည် အလွန်ဆိုးသောအရာကို ကြုံတွေ့ရမည်" ဟုပင် မိန့်တော်မူခဲ့ပါသည်။ သင့်ကို ဘုရားသခင် မည်မျှချစ်ကြောင်း၊ ဂရုစိုက်ကြောင်း ခံစားမိပါသလား။

မင်း လုပ်နိုင်ပါသလား

- ကျေးဇူးတော်၊ သမ္မာတရားနှင့် တရားမျှတခြင်း သတင်းစကားမျှဝေရန် သင့်အား ဘုရားသခင် အသုံးပြုတော်မူစေပါ။
- အမြဲတမ်း သမ္မာတရားကိုသာ ပြောရန် နှလုံးသားကို ပြင်ဆင်ထားပါ။
- ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အလွတ်ကျက်မှတ်ပါ။

ပုံသက်သေပြခြင်း

ဆော့ကစားရအောင်

အပြစ်ဒဏ်နှင့် သတင်းကောင်း လက်အမူအရာများ

၁. ကလေးများ အားလုံးကို အခန်းတဖက် သို့မဟုတ် မြေကွက်လပ်တဖက်တွင် နေရာယူစေပါ။ အဝေးတနေရာသို့ လက်ညှိုးညွှန်ပြပါ။ နေရာယူထားသော နေရာမှ ထိုနေရာသို့ အပြေးသွားစေပြီး ပြန်လည်နေရာယူစေပါ။

၂. အရေးကြီးသောအချက်။ ကလေးတဦးစီတိုင်းအတွက် ကြာချိန်ကို မှတ်သားထားပါ။ နောက်တကြိမ် ထပ်ပြေးရမည်ဖြစ်ကြောင်း ပြောပါ။ သို့သော် အချိန်တဝက်သာရမည်ဖြစ်ပြီး အချိန်ကျော်လျှင် ထိုင်ထဆယ်ကြိမ် ပြုလုပ်ရပါမည်။
အရေးကြီးသောအချက်။ ကလေးများ ထိုသို့ပြေးရာတွင် အချိန်မလောက်အောင် တမင်ပြုလုပ်ထားခြင်းဖြစ်ပါသည်။ ကလေးများ ပြီးဆုံးသည်အထိ မပြေးနိုင်စေရပါ။

၃. ထို့နောက် ကလေးများအား အချိန်တဝက်အတွင်း ပြေးခိုင်းကြည့်ပါ။ ကောင်လေးများ၊ ကောင်မလေးများ၊ အလွန်ငယ်သူများ စသဖြင့် ခွဲ၍ ပြေးစေနိုင်ပါသည်။

၄. အကြိမ်ကြိမ် ကြိုးစားကြည့်ပြီးနောက် မည်သို့မျှ မဖြစ်နိုင်ကြောင်း ညည်းညူသောအခါ အပြစ်ဒဏ်ကို ခံမည်လားဟု မေးပါ။

၅. အပြစ်ပေးရန် ထိုင်ထပြုလုပ်ကာနီးတွင် ဦးဆောင်သူတဦးမှ “ကလေးတွေကို အပြစ်မပေးပါနဲ့။ ဒီလောက်မောပန်းနေတာကို” ဟု ဝင်ရောက်တားဆီးစေပါ။ “ဟုတ်တယ်လေ၊ ဒါပေမယ့် စည်းကမ်းသတ်မှတ်ထားပြီးသားပဲ” ဟု ပြန်ပြောလိုက်ပါ။ “ဒါဆို ငါပဲ သူတို့အစား လုပ်လိုက်တော့မယ်” ဟု ထိုဦးဆောင်သူက ပြော၍ ကလေးများ တစုံတရာ မပြောနိုင်မီ မလုပ်နိုင်မီ ထိုင်ထဆယ်ကြိမ် ပြုလုပ်လိုက်ပါ။

၆. ထိုသို့လုပ်နေစဉ် ကလေးများက တစ်နှစ်သုံးလေး စသဖြင့် အမှတ်စဉ် ရေတွက်ပေးပါ။

၇. ထို့နောက် ကလေးများအား လက်အမူအရာများ မည်သို့လုပ်ဆောင်ရမည်ကို သင်ကြားလေ့ကျင့်ပေးပါ။ (လက်အမူအရာများကို နောက်ဆက်တွဲစာမျက်နှာတွင် ကြည့်နိုင်ပါသည်။)

• **လက်တွေ့အသက်တာအတွက် သင်ခန်းစာ။ မိသားစုများနှင့် သူငယ်ချင်းများအတွက် ကလေးများကို ဘုရားသခင်က ပုံသက်သေဖြစ်စေတော်မူလိုပါသည်။**

မေးခွန်းများ

၁. ထိုင်ထလုပ်လိုက်ရလို့ သားတို့သမီးတို့ ခြေထောက်ညောင်းသွားကြပါသလား။ (မညောင်းပါ။ ဦးဆောင်သူတဦးက အပြစ်ကိုခံယူပြီး ထိုင်ထလုပ်ပေးသွားပါသည်။) ဒါဖြင့် ထိုဦးဆောင်သူက ဘာကြောင့် ဒီအပြစ်ဒဏ်ကို ခံယူသွားတာပါလဲ။

၂. ဘုရားသခင် မကြိုက်သော အပြစ်များကို ကျူးလွန်ခဲ့ခြင်းကြောင့် သေခြင်းဟူသည့်ပြစ်ဒဏ်ကို ဘုရားသခင်က စီရင်ခဲ့ကြောင်း ကျမ်းစာတွင် ဖော်ပြထားပါသည်။ ထိုအပြစ်ကို မည်သူက ပေးဆပ်သွားပါသလဲ။ (သခင်ယေရှု)။ သခင်ယေရှုက ဘာကြောင့် ဒီအပြစ်ကြွေးကို ပေးဆပ်ခဲ့တာလဲ။

၃. သခင်ယေရှုဘုရား၊ ကျွန်ုပ်၏အပြစ်ကို ဆောင်ယူပြီး ကျွန်ုပ်အစား အသေခံတော်မူခြင်းအတွက် အလွန်ကျေးဇူးတင်ပါ၏။ သားသားမီးမီးတို့၊ ခဏလောက်ငြိမ်ပြီး ကိုယ်တော်က မင်းတို့ကို ဘယ်လောက်ချစ်သလဲဆိုတာ တွေးကြည့်ကြရအောင်။ (ခေတ္တရပ်နားပါ။)
သခင်ယေရှုဘုရား ကျွန်ုပ်၏အပြစ်များအတွက် ခွင့်လွှတ်တော်မူပါ။ ကျွန်ုပ်နောင်တရပြီး ထိုကဲ့သို့ နောက်မလုပ်တော့ပါ။ ကိုယ်တော်သည် ကျွန်ုပ်၏သခင်ဖြစ်ပါ၏။ ကျေးဇူးတော်၊ သမ္မာတရားနှင့် တရားမျှတခြင်းကို ကျွန်ုပ်အသက်တာ၌ မည်ကဲ့သို့ ပြသရမည်ကို သွန်သင်တော်မူပါ။ (ခေတ္တရပ်နားပါ။) သခင်ယေရှုဘုရား ဘုရားသခင်၏သားသမီးဖြစ်ရခြင်းအတွက် ကျေးဇူးတင်ပါ၏။ ကျွန်ုပ်အားဖြင့် သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် နေ့ရက်အစဉ်အတိုင်း အလုပ်လုပ်တော်မူပါစေသော်။

©2018 The Prayer Covenant for Children/Games provided by GameLife77.com. All rights reserved.

ပုံသက်သေပြခြင်း

လေ့ကျင့်ခန်း

၁ ပုံသက်သေပြခြင်း အကြောင်း ဆုတောင်းချက် အဌမမြောက်စာကြောင်းကို မှတ်မိပါသလား။ အောက်တွင်ချရေးပါ။

၂ အောက်ပါကျမ်းချက်များကို ဖြည့်ပါ။

ယောဟ ၁:၁၄ ကျေးဇူးတော်နှင့်ဒင်း၊ သစ္စာတော်နှင့်ဒင်းပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍ ခမည်းတော်၌ တပါးတည်းသောသားတော်၏ ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။

၃ အသင်းတော် သို့မဟုတ် ရပ်ကွက်အတွင်း လူသစ်များ ရောက်လာသောအခါ ကြိုဆိုလက်ခံပါသလား။ အကယ်၍ မကြိုဆိုရသေးလျှင် စမ်းကြည့်ပါ။ နောက်ပိုင်း အကျင့်ရလာပြီး လွယ်ကူလာပါလိမ့်မည်။

၄ ခက်ခဲသော အခြေအနေတခုတွင် လူတဦးဦးကို မှန်ကန်စွာ လုပ်ဆောင်နိုင်ရန် လမ်းပြနိုင်ခဲ့သည့် အချိန်တခုအကြောင်း တွေးမိပါသလား။ ထိုကဲ့သို့ ကြုံဖူးလျှင် သင်၏ အကူအညီကို ထိုသူက မည်ကဲ့သို့ တုံ့ပြန်ကြောင်း ပြန်ပြောပြပေးပါ။

၅ တုံ့ပြန်ရန်အချိန်

မေးခွန်းများကို ဖြေစဉ် ဘုရားသခင်အား တောင်းလျှောက်ပြီး နားဆင်ပါ။ ပတ်ဝန်းကျင်ရှိ လူများအတွက် သင့်ကို ဘုရားသခင်က မည်သည့်နည်းလမ်းများဖြင့် အသုံးပြုနိုင်မည်ဟု ထင်ပါသနည်း။ အသင်းတော်ရှိ ဆုတောင်းအစီအစဉ်တွင် စတင်လုပ်ဆောင်နိုင်ပါသည်။ ဘုရားကျောင်း ပုံမှန်မတက်သော သူငယ်ချင်းများကို ခေါ်ဆောင်ပေးခြင်းဖြင့် စတင်နိုင်ပါသည်။ ကျောင်းသားသစ်ကို ကြိုဆိုပေးခြင်းဖြင့် လုပ်ဆောင်နိုင်ပါသည်။

ပုံသက်သေပြခြင်း

တေးကဗျာ သီဆိုရန်

ကျွန်ုပ် သမ္မာတရားရဲ့ သံတမန် ဖြစ်ချင်တယ်။

ဖြစ်ချင်တာပေါ့ ဖြစ်ချင်တာပေါ့။

ကျေးဇူးတော် စကားတွေပြောချင်တယ်။

ပြောချင်တာပေါ့ ပြောချင်တာပေါ့။

နေ့စဉ် တရားမျှတခြင်းကို လက်တွေ့ပြချင်တယ်။

ပြချင်တာပေါ့ ပြချင်တာပေါ့။

ပျောက်ဆုံးသူ လမ်းလွဲသူတွေကို ကူညီချင်တယ်။

ကူညီချင်တာပေါ့ ကူညီချင်တာပေါ့။

အများကြီး မရှိသူတွေကို မစချင်တယ်။

မစချင်တာပေါ့ မစချင်တာပေါ့။

လျစ်လျူရှုခံရတဲ့သူတွေကို ဂရုစိုက်ချင်တယ်။

ဂရုစိုက်ချင်တာပေါ့ ဂရုစိုက်ချင်တာပေါ့။

ကျွန်ုပ် ကိုယ်တော်၏ချစ်ခြင်းမေတ္တာအတွက် သံတမန် ဖြစ်ချင်ပါတယ်။

ဦးဆောင်သူက တကြောင်းဆိုပြလိုက်၊ ကလေးများက နောက်တကြောင်း ဆိုလိုက်ဖြင့် လုပ်ဆောင်ရပါမည်။ ထို့နောက် ကလေးများအား မိမိတို့ဘာသာ တေးကဗျာတပုဒ် စပ်ဆိုကြည့်ရန် တိုက်တွန်းပါ။ သူတို့ အကြံပြုသမျှကို သင်ပုန်းပေါ်တွင် ချရေးပေးပါ။ သူတို့ ကိုယ်တိုင် စပ်ဆိုထားသော သီချင်းကဗျာကြောင့် ကလေးများ မည်မျှ တတ်ကြွလာသည်ကို ကြည့်ရှုလိုက်ပါ။

တပည့်တော်ဖြစ်ခြင်း

ကိုယ်တော်၏ ဘုန်းတော်ထင်ရှားစေဖို့၊
အခြားသူများ ကိုယ်တော့်နောက်လိုက်စေဖို့
ကျွန်ုပ်ကို အသုံးပြုတော်မူပါ။



တာရှုမြို့သား ရှောလုမှ သခင်ယေရှုခရစ်တော်၏ တမန်တော်ပေါလုအဖြစ်သို့ တ ၉:၁-၂၂

မ ၂၈:၁၉

သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကို ပေးကြလော့။

တပည့်တော်ဖြစ်ခြင်း

မင်း ပြောနိုင်သလား။

ကိုယ်တော်၏ ဘုန်းတော်ထင်ရှားစေဖို့ အခြားသူများ ကိုယ်တော့်နောက်လိုက်စေဖို့ ကျွန်ုပ်ကို အသုံးပြုတော်မူပါ။

မ ၂၈:၁၉
သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကို ပေးကြလော့။

မင်း ရှာတွေ့ပါသလား။

မာ ၁၆:၁၅
ယော ၁၇:၄-၅
ရော ၁၀:၁၃-၁၇
ကောလော ၃:၁၇

မင်း ခံစားမိပါသလား။

သာသနာပြုဆိုသည်မှာ အဘယ်နည်း။

တပည့်တော်ဆိုသည်မှာ အဘယ်နည်း။

အခြားသူများအား သခင်ယေရှုအကြောင်း မည်ကဲ့သို့ ပြောပြနိုင်မည်နည်း။

ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေရန် လုပ်ဆောင်ခြင်း ဆိုသည်မှာအဘယ်နည်း။

တပည့်တော်ဖြစ်ခြင်း

ဆုတောင်းရန် အဖွဲ့ခွဲ လုပ်ဆောင်ခြင်း

ဆုတောင်းချိန်တွင် ကလေးများကို အောက်ပါအတိုင်း ဆုတောင်း၍ ဦးဆောင်ပေးပါ။ ***"ကိုယ်တော်၏ ဘုန်းတော်ထင်ရှားစေဖို့၊ အခြားသူများ ကိုယ်တော့်နောက်လိုက်စေဖို့ ကျွန်ုပ်ကို အသုံးပြုတော်မူပါ။"*** ကလေးများက ထိုဆုတောင်းချက်ကို နောက်မှ လိုက်ဆိုပါစေ။ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေရေး၊ အခြားသူများကို တပည့်တော်ဖြစ်စေရေးနှင့် ပတ်သက်ပြီး ကလေးများက တိုတိုတုတ်တုတ်ဖြင့် သူတို့၏ ကိုယ်ပိုင်စကားလုံးဖြင့် ရိုးရှင်းစွာ ဆုတောင်းကြစေပါ။ နမူနာသင်ခန်းစာတွင် ဖော်ပြထားသည့် ဘုရားသခင်၏ နာမတော်နှင့်ဂုဏ်တော်များကို ကြွေးကြော်၍လည်း ဆုတောင်းနိုင်ကြပါသည်။

ပြောပါ။

- သာသနာပြုဆိုသည်မှာ သခင်ယေရှုခရစ်တော်၏ ဧဝံဂေလိသတင်းကောင်းကို ဟောပြောရန် ဘုရားသခင်ရွေးကောက်ထားသူများကို ခေါ်ပါသည်။
- အများအားဖြင့် ဝေးလံခေါင်ဖျားသောနေရာများသို့ သွားရောက်ကာ ဘာသာစကားသစ်၊ ယဉ်ကျေးမှုသစ်များကို သင်ယူကြရပါသည်။ ဘုရားသခင်အတွက် မိမိအသက်တာတခုလုံး မြှုပ်နှံဆက်ကပ်ခြင်း ဖြစ်ပါသည်။
- ကျွန်ုပ်တို့ရှိသည့်နေရာ၌ပင် သာသနာပြုများဖြစ်ရန် သခင်ယေရှုက အလိုတော်ရှိပါသည်။ အိမ်တွင် ကျောင်းတွင်ပင် ကိုယ်တော်၏အလင်း ဖြစ်နိုင်ပါသည်။

အသင်းတော်မှ သို့မဟုတ် သာသနာပြုများအကြောင်း စသဖြင့် ကလေးများ ရင်းနှီးပြီးသော အကြောင်းအရာဖြင့် စတင်ဆွေးနွေးနိုင်ပါသည်။ မိသားစုများနှင့် သူငယ်ချင်းများအား သခင်ယေရှုအကြောင်း မျှဝေနိုင်မည့်နည်းလမ်းများကို ကလေးများ တွေးမိသလောက် ပွင့်လင်းစွာ ဝေမျှစေပါ။

တပည့်တော်ဖြစ်ခြင်း

မင်း ကြားပါသလား

တာရှုမြို့သား ရှောလုမှ သခင်ယေရှုခရစ်တော်၏ တမန်တော်ပေါလုအဖြစ်သို့ တ ၉:၁-၂၂

တနေ့၌ ရှောလုသည် လမ်းတွင် ခရီးသွားနေပါသည်။ (ပေါလုဟု အမည် မပြောင်းမီ) ထိုစဉ် ကောင်းကင်မှ အလွန် တောက်ပသော အလင်းကျလာပြီး သူ မြေကြီးပေါ် လဲကျသွားပါသည်။ ထိုအလင်းကြောင့် သူ မျက်စိမမြင်တော့ပါ။ ထိုစဉ် သူ အသံတခု ကြားရပါသည်။ “ရှောလု အဘယ်ကြောင့် ငါ့ကို ညှင်းဆဲသနည်း။” ရှောလုက သခင် ကိုယ်တော်သည် မည်သည်နည်းဟု ပြန်မေးပါသည်။ “ငါသည် သင် ညှင်းဆဲသော ယေရှုဖြစ်၏” ပေါလုသည် ကြောက်လန့်၍ တုန်လှုပ်သွားပါသည်။ နောက်သုံးရက်ကြာအောင် သူ မျက်စိမမြင်နိုင်ခဲ့ပါ။ ဘုရားသခင်က ရှောလုကို မျက်စိပြန်မြင်စေပြီး သူ သွားလေရာရာ၌ သခင်ယေရှုအကြောင်း ဟောပြောသွန်သင်စေပါသည်။ နောက်ပိုင်းတွင် ရှောလုမှ ပေါလုဟု သူ့အမည်ပြောင်းလိုက်ပါသည်။ သူသည် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေပြီး အခြားသူများကိုလည်း ထိုနည်းတူ ဖြစ်စေကာ သခင်ယေရှုအတွက် လောကကြီးကို မှောက်လှန်ပစ်ခဲ့ပါသည်။

မင်း လုပ်နိုင်ပါသလား

- မည်သည့်အရာကို လုပ်သည်ဖြစ်စေ ကိုယ်တော်၏ ဘုန်းတော်ထင်ရှားစေရန်သာ ဖြစ်စေရပါမည်ဟု နှလုံးသားထဲတွင် စိတ်ပိုင်းဖြတ်ပါ။
- ဘုရားသခင် ပေးထားသော စွမ်းရည်များ၊ ပါရမီများကို ဖော်ထုတ်ပါ။
- ပြုမူလေသမျှတွင် သခင်ယေရှု၏ ချစ်ခြင်းမေတ္တာအားဖြင့်သာ ဖြစ်စေပါ။
- အခြားသူများ ကိုယ်တော့်နောက်လိုက်စေရန် ဖိတ်ခေါ်ရာ၌ ရဲရင့်စွာ လုပ်ဆောင်နိုင်ရန် ဘုရားသခင်ထံမှ ခွန်အားတောင်းခံပါ။
- သင်သွားလေရာရာ၌ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာကို မျှဝေရန် အခွင့်အရေးများပေးဖို့ ဘုရားသခင်ထံ တောင်းလျှောက်ပါ။

မိသားစုဝင် သို့မဟုတ် သူငယ်ချင်းတဦးအား သတင်းကောင်းမျှဝေရန် လက်အမှုအရာများကို အသုံးပြုပါ။ ထိုလက်အမှုအရာများကို ဤစာအုပ်နောက်ပိုင်းတွင် တွေ့နိုင်ပြီး သင်ယူရန် အလွန်လွယ်ကူပါသည်။

တပည့်တော်ဖြစ်ခြင်း

ဆော့ကစားရအောင်

ပိုက်ကွန်ကစားနည်း

၁. ဤကစားနည်းအတွက် ခွင့်ပြုထားသော နယ်နိမိတ်များကို ကလေးများအား ပြသပါ။

၂. ဘေးကင်းလုံခြုံစေရန်အတွက် အရေအတွက်များလျှင် အဖွဲ့များခွဲ၍ကစားစေပါ။ ကလေးကြီးများအား တနေရာ၊ အခြားကလေးများအား အခြားတနေရာတွင် သီးခြားစီ ကစားစေနိုင်ပါသည်။

၃. အရေးကြီးသောအချက်။ ပါဝင်ကစားသူများအားလုံးကို ပိုက်ထဲတွင် မဖမ်းမိသည်အထိ ကစားပွဲ မပြီးဆုံးကြောင်း မှာကြားပါ။

၄. အရေးကြီးသောအချက်။ ပထမဆုံးကလေးတစ်ဦးကို ရွေးချယ်ပေးပါ။ ထိုကလေးသည် အခြားကလေးများကို လက်ဖြင့် လက်ပုတ်ရပါမည်။

၅. ထိုသို့ပုတ်မိသောအခါ ပထမကလေးနှင့် ဒုတိယကလေးတို့ လက်တွဲကာ နောက်ထပ်ကလေးများကို လိုက်ပုတ်ရပါမည်။

၆. ဤသို့ဖြင့် ကလေးများတဦးနှင့်တဦးလက်တွဲကာ ပိုက်ကွန်ကြီးဖြစ်လာပါမည်။

၇. ကလေးများအားလုံးကို ဖမ်းမိသည်အထိ ဆက်လက် ကစားပါ။

၈. အချိန်ရသလောက် တကြိမ်ပြီးတကြိမ် ကစားနိုင်ပါသည်။ ပထမဆုံးတစ်ယောက်ကို အလှည့်ကျ ရွေးချယ်ပေးပါ။

- **လက်တွေ့အသက်တာအတွက်သင်ခန်းစာ။ ပထမတဦးနှင့်စတင်ပြီး တဦးသာဖမ်းမိသော်လည်း နောက်ပိုင်း ပိုက်ကွန်ကြီးဖြစ်လာချိန်တွင် ကလေးအများကြီးကို တပြိုင်နက်တည်းဖမ်းမိပါလိမ့်မည်။ နောက်ဆုံးတွင် အားလုံးကိုပင် ပိုက်ကွန်ဖြင့်အုပ်မိပါမည်။ တပည့်တော်ဖြစ်ခြင်းတွင်လည်း တဦးမှစ၍ လူများစွာကို တပည့်တော်အဖြစ် ပြောင်းလဲပေးနိုင်ပါသည်။**

မေးခွန်းများ

၁. ကစားပွဲပြီးသောအခါ ကလေးမည်မျှကို ဖမ်းမိပါသနည်း။ သုံးယောက်လား၊ လေးယောက်လား။ (အားလုံး) ကလေးတဦးတည်းက ကလေးအားလုံးကို မည်ကဲ့သို့ ဖမ်းမိခဲ့တာပါလဲ။ (တဦးဖြင့် အစပြုသော်လည်း တဖြည်းဖြည်း တိုးပွားသွားသောကြောင့် ဖြစ်ပါသည်။)

၂. ကျမ်းစာတွင် တပည့်တော်များကို ဘာလုပ်ရန် သခင်ယေရှုက ညွှန်ကြားထားသနည်း။ တိုင်းပြည်တခုတည်းကိုသာ တပည့်ဖြစ်စေရန် မိန့်တော်မူပါသလား။ (မဟုတ်ပါ။ တိုင်းပြည်အားလုံး)

၃. သခင်ယေရှုဘုရား၊ လူမျိုးတကာတို့ကို ကိုယ်တော်၏တပည့်ဖြစ်စေရန် ကျွန်ုပ် နာခံဆောင်ရွက်ပါမည်။ တိုင်းပြည်အသီးသီးအတွက် ဆုတောင်းပေးခြင်း၊ သခင်ယေရှုအကြောင်း လူတိုင်းအားပြောခြင်းဖြင့် ယနေ့ပင် စတင် ဆောင်ရွက်ပါမည်။ ကိုယ်တော်၏ နောက်တော်သို့လိုက်ရန် ကိုယ်တော် ရွေးချယ်ထားသောသူများကို ကျွန်ုပ်ကိုပြသတော်မူပါ။ (ခေတ္တရပ်နားပါ။) တပည့်တော်များ ဖြစ်စေခြင်းတွင် ကျွန်ုပ်ကို သွန်သင်၍ အသုံးပြုတော်မူပါ။

©2018 The Prayer Covenant for Children/Games provided by GameLife77.com. All rights reserved.

တပည့်တော်ဖြစ်ခြင်း

လေ့ကျင့်ခန်း

၁ ပြီးဆုံးလုနီးပါပြီ။ တပည့်တော်ဖြစ်စေခြင်း အကြောင်း ဆုတောင်းချက် နဝမမြောက်စာကြောင်းကို မှတ်မိပါသလား။ အောက်တွင် ချရေးပါ။

၂ အောက်ပါကွက်လပ်များကို ဖြည့်ပါ။

မ ၂၈:၁၉ သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကို ပေးကြလော့။

၃ သာသနာပြုတဦးဆိုသည်မှာ အဘယ်နည်း။

၄ မိမိပတ်ဝန်းကျင်၌ပင် တပည့်တော်များဖြစ်စေပြီး သင်နှင့်ကျွန်ုပ်တို့သည် သာသနာပြုများအဖြစ် မည်ကဲ့သို့ ဆောင်ရွက်နိုင်ပါသနည်း။

၅ တုံ့ပြန်ရန်အချိန်

သခင်ယေရှုအကြောင်း မသိသေးသော သူတဦး၏အမည်ကို ပြောပါ။ ထိုသူ၏ အမည်ကို စာရွက်ပေါ်တွင် ချရေး၍ နေ့စဉ် ဆုတောင်းပေးပါ။ ဘုရားသခင်၏မေတ္တာတော်အကြောင်း အခြားသူများအားပြောပြရန် ဘုရားသခင်က သင့်ကိုအသုံးပြုတော်မူကြောင်း သတိရပါ။

တပည့်တော်ဖြစ်ခြင်း

တေးကဗျာ သီဆိုရန်

ဘုရားသခင်ရဲ့ နှလုံးသားကဲ့သို့ ချစ်တတ်ချင်တယ်။

ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။

ဘုရားသခင်ရဲ့ နှလုံးသားနဲ့ အစေတော်ခံချင်တယ်။

ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။

ဘုရားသခင်ကို ကျွန်ုပ်ကို အသုံးပြုတော်မူစေချင်တယ်။

ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။

အဆုံးမရှိတဲ့ မေတ္တာအကြောင်း မျှဝေပေးချင်တယ်။

ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။

သခင်ယေရှုရဲ့ နာမအားဖြင့် တပည့်တော်တွေ ဖြစ်စေမယ်။

ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။

ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။

သင်ကော ကျွန်ုပ်နည်းတူ ဖြစ်ပါသလား။

ဦးဆောင်သူက တကြောင်းဆိုပြလိုက်၊ ကလေးများက နောက်တကြောင်း ဆိုလိုက်ဖြင့် လုပ်ဆောင်ရပါမည်။ ထို့နောက် ကလေးများအား မိမိတို့ဘာသာ တေးကဗျာတပုဒ် စပ်ဆိုကြည့်ရန် တိုက်တွန်းပါ။ သူတို့ အကြံပြုသမျှကို သင်ပုန်းပေါ်တွင် ချရေးပေးပါ။ သူတို့ ကိုယ်တိုင် စပ်ဆိုထားသော သီချင်းကဗျာကြောင့် ကလေးများ မည်မျှ တတ်ကြွလာသည်ကို ကြည့်ရှုလိုက်ပါ။


အုပ်စိုးပိုင်သခြင်း
သခင်ယေရှု၏ နာမတော်မြတ်၌
ဆုတောင်းပါ၏၊ အာမင်။
မျက်မမြင် ဗာတိမဲ (မာ ၁၀:၄၆-၅၂)

ဖိ ၂:၉

ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို
အလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက်
ကြီးမြတ်သောဘွဲ့နာမကို ပေးသနားတော်မူ၏။

အုပ်စိုးပိုင်သခြင်း

မင်း ပြောနိုင်သလား။

အသခင်ယေရှု၏ နာမတော်မြတ်၌ ဆုတောင်းပါ၏၊ အာမင်။

ဖိ ၂:၉
ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက်
ကြီးမြတ်သောဘွဲ့နာမကို ပေးသနားတော်မူ၏။

မင်း ရှာတွေ့ပါသလား။

မ ၁:၂၁
မ ၂၈:၁၈
ယော ၁၄:၁၃
တ ၄:၁၂

မင်း ခံစားမိပါသလား။

လောကကြီး တခုလုံးကို
သင်သာ အုပ်စိုးရလျှင်
မည်သို့ဖြစ်မည်နည်း။

သခင်ယေရှု၏ နာမတော်တွင်
အဘယ်ကြောင့်
တန်ခိုးတော်ပါရှိနေပါသနည်း။

သခင်ယေရှုသည် လောကကြီးကို
အုပ်စိုးနေသည်မှာ အဘယ်ကြောင့်
ကောင်းမြတ်ပါသနည်း။

အဘယ်ကြောင့်
သခင်ယေရှု၏နာမဖြင့်
ဆုတောင်းသင့်သနည်း။

အုပ်စိုးပိုင်သခြင်း

ဆုတောင်းရန် အဖွဲ့ခွဲ လုပ်ဆောင်ခြင်း

သခင်ယေရှု၏ နာမတော်ကို အသုံးပြု၍ တိုတိုတုတ်တုတ် ဆုတောင်းကြရန် ကလေးများအား တိုက်တွန်းခြင်းဖြင့် ဆုတောင်းခြင်းကို အစပြုပါ။ ကိုယ်တိုင်သို့မဟုတ် အခြားသူတဦးဦး နေပြန်ကောင်းဖို့၊ ချစ်ခြင်းမေတ္တာဖြင့် ကြီးပြင်းလာစေဖို့ သို့မဟုတ် ဘုရားသခင် အသုံးပြုတော်မူဖို့ စသဖြင့် တခုခုဖြစ်နိုင်ပါသည်။ နမူနာသင်ခန်းစာတွင် ဖော်ပြထားသည့် ဘုရားသခင်၏နာမတော်နှင့်ဂုဏ်တော်များကို ကြွေးကြော်၍လည်း ဆုတောင်းနိုင်ကြပါသည်။

ပြောပါ။

- ကောင်းကင်နှင့် မြေကြီးပေါ်ရှိ အခွင့်တန်ခိုးရှိသမျှကို ငါခံရပြီဟု ကျမ်းစာတွင် ဖော်ပြထားပါသည်။ ထို့ကြောင့် ကိုယ်တော်၏နာမတော်ဖြင့် ဆုတောင်းသောအခါ ကျွန်ုပ်တို့တွင် ထိုအခွင့်တန်ခိုးများ ရှိလာပါသည်။
- အကယ်၍ ကိုယ်တော်၏နာမတော်ဖြင့် ဆုတောင်းလျှင် ကျွန်ုပ်တို့တောင်းသည့်ပုံစံအတိုင်း ဘုရားသခင်က ဖြည့်ဆည်းပေးပါမည်လား။ ဘုရားသခင်က ကျွန်ုပ် လိုချင်သမျှအားလုံး ပေးနေမည်လား စသည့်မေးခွန်းများ ရှိလာပါသည်။
- ကျွန်ုပ်တို့၏ ဆုတောင်းချက်များသည် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေရေးအတွက်၊ မြေကြီးပေါ်တွင် နိုင်ငံတော်တည်ထောင်စေရေးအတွက်သာ ဦးစားပေးရပါမည်။

ဆုတောင်းခြင်းနှင့်ပတ်သက်၍ ကလေးများအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေပါ။ ဆုတောင်းခြင်းများ အဖြေရသည်ကို ကြုံတွေ့ဖူးပါသလား။ အချို့ဆုတောင်းချက်များသည် အဖြေမရသောကြောင့် သို့မဟုတ် လိုချင်သည့်ပုံစံမျိုးဖြစ်မလာသောကြောင့် စိတ်ပျက်လက်ပျက် ဖြစ်ဖူးပါသလား။

အုပ်စိုးပိုင်သခြင်း

မင်း ကြားပါသလား

မျက်မမြင် ဗာတိမဲ (မာ ၁၀:၄၆-၅၂)

ဗာတိမဲသည် မျက်မမြင်တဦးပါ။ သူသည် လမ်းပေါ်တွင် လှည့်လည်တောင်းရမ်းရပါသည်။ သခင်ယေရှုသည် အံ့သြဖွယ်ရာများကို လုပ်ဆောင်နိုင်ကြောင်း သူ ကြားသိထားပါသည်။ နာမကျန်းသူ၊ မျက်မမြင်သူနှင့် လက်ခြေသေသောသူများကို သခင်ယေရှုက မည်သို့ ကုသပေးခဲ့ကြောင်း ကြားဖူးပါသည်။ သခင်ယေရှု ကျွန်ုပ်ကို သနားတော်မူပါဟု ဗာတိမဲက အော်ဟစ်ခဲ့ပါသည်။ အနီးပတ်ဝန်းကျင်ရှိလူများက မစာနာတတ်ကြပါ။ "ငြိမ်ငြိမ်နေစမ်းပါ" ဟု သူ့ကို ဝေဖန်ကြပါသည်။ သို့သော် ဗာတိမဲက အော်မြဲအော်ဆဲပင်။ ထိုအခါ သခင်ယေရှု ကြားပြီး ၎င်းထံသို့ ခေါ်လာပါဟု မိန့်တော်မူပါသည်။ ဗာတိမဲသည် ခြုံထည်ကို လွှင့်ပစ်ပြီး ကိုယ်တော့်ထံ အပြေးသွားပါသည်။ "မင်း ဘာလိုချင်တာလဲ"ဟု ကိုယ်တော်က မေးပါသည်။ "ကျနော် မြင်ချင်ပါတယ်" သူ ပြန်ဖြေပါသည်။ ကျနော် သခင်ယေရှုကို မြင်နေရပြီ။ သခင်ယေရှုက တကယ်ကို အံ့သြဖွယ်ပဲ။ သခင်ယေရှုသည် လူများကို အနာငြိမ်းစေနိုင်ကြောင်း ဗာတိမဲ ယုံကြည်ပါသည်။ သူ့ဘဝတွင် ပထမဆုံး မြင်ရသည်မှာ ကိုယ်တော်၏ မျက်နှာတော် ဖြစ်သောကြောင့် သူ ဘယ်လောက် ပျော်နေမည်ကို တွေးကြည့်နိုင်ပါပြီ။ ဗာတိမဲ၏ အော်ဟစ်သံကို ကြားသော သခင်ယေရှုသည် သင်၏ ခေါ်သံကိုလည်း ထူးတော်မူပါလိမ့်မည်။

မင်း လုပ်နိုင်ပါသလား

- သခင်ယေရှု နှစ်သက်သည့်အရာများကိုဦးစားပေး ဆုတောင်းပါ။
- သိရှိနိုင်ရန်၊ လမ်းပြရန် သခင်ယေရှု၏ နာမဖြင့် ဆုတောင်းပါ။
- ကျန်းမာကြံ့ခိုင်ရန် သခင်ယေရှု၏နာမဖြင့် ဆုတောင်းပါ။
- သခင်ယေရှု၏နာမတော်၌ တန်ခိုးရှိကြောင်း နှလုံးသားတွင်း၌ ယုံကြည်ထားပါ။

အုပ်စိုးပိုင်သခြင်း

ဆော့ကစားရအောင်

နာခံလိုက်လျှောက်ခြင်း

၁. မိမိသည် ဦးဆောင်သူဖြစ်ပြီး ကလေးများအား ဤတကြိမ်တွင် စိန်ခေါ်မည်ဖြစ်ကြောင်း ပြောပါ။

၂. ကလေးများသည် မျက်နှာချင်းဆိုင်၍ နှစ်တန်းစီတန်းထားရပါမည်။ လက်ဆန့်လျှင် မီနိုင်သည့် အကွာအဝေးဖြင့် စီတန်းရပါမည်။ ကလေးတဦးသည် လက်ဆန့်တန်းထားသည့် တန်းနှစ်တန်းကြားမှ အစအဆုံး ဖြတ်ပြေးရပါမည်။

၃. လွယ်ကူမည်ဟု ထင်ပါသလား။ ပြေးမည့်ကလေး၏ မျက်စိကို အဝတ်ဖြင့် ဖုံးအုပ်လိုက်ပါ။

၄. **ဦးဆောင်သူများအတွက် အရေးကြီးသောအချက်။** ဦးဆောင်သူတဦးက အဆုံးတွင် ရပ်စောင့်ကာ ပြေးလာသောကလေးကို ရပ်ထားရပါမည်။ ကလေးများ၏ ဘေးကင်းလုံခြုံမှုအတွက် ဦးဆောင်သူများတွင် တာဝန်ရှိပါသည်။

၅. **ကလေးများအတွက် အရေးကြီးသောအချက်။** အလယ်မှ ဖြောင့်တန်းစွာ ဖြတ်ပေးသွားစေရန် တာဝန်ရှိပါသည်။ အကယ်၍ လမ်းကြောင်းလွဲသွားလျှင် ဆန့်တန့်ထားသောလက်ဖြင့် ညင်သာစွာ ပြန်လည်ညွှန်ပြပေးပါ။

၆. တကြိမ်လျှင် တဦးသာ အစအဆုံး ပြေးရပါမည်။

- **လက်တွေ့အသက်တာအတွက် သင်ခန်းစာ။ ကလေးများသည် ဦးဆောင်သူကို ယုံကြည်ကြသောကြောင့် ဦးဆောင်သူ ပြောသည့်အတိုင်းနာခံကြပါသည်။ ကျွန်ုပ်တို့သည် ခေါင်းဆောင်များ၏ စကားအတိုင်း လိုက်နာတတ်ကြပါသည်။ အထူးသဖြင့် သခင်ယေရှုကို ယုံကြည်သူများအနေဖြင့် အလုံးစုံ အုပ်စိုးပိုင်သတော်မူသော သခင်ယေရှုကို ယုံကြည်ပြီး နာခံလိုက်လျှောက်သင့်ပါသည်။**

မေးခွန်းများ

၁. ကစားနေစဉ် ဦးဆောင်သူက မျက်လုံးမှိတ်၍ ပြေးဖို့ ပြောသောအခါ ဦးဆောင်သူအား ယုံကြည်ထားရန် ခက်ခဲပါသလား။ အဘယ်ကြောင့် ဦးဆောင်သူ၏ စကားကို နားထောင်ခဲ့ပါသနည်း။ အားကစားသမားများသည် အဘယ်ကြောင့် နည်းပြများ၏ စကားကို နားထောင်တတ်ကြပါသနည်း။ (နည်းပြများက ပို၍ အတွေ့အကြုံ ရှိသောကြောင့်၊ မိမိကို နိုင်စေချင်မှန်း သိသောကြောင့်၊ နည်းဗျူဟာ ရှိသောကြောင့်၊ ပို၍ အမြော်အမြင် ရှိသောကြောင့် သူတို့စကားကို နားထောင်ရပါသည်။)

၂. ဘုရားသခင်သည် အရာအားလုံးကို ဖန်ဆင်းတော်မူပြီး အုပ်စိုးပိုင်သထားသကဲ့သို့ သားတော် သခင်ယေရှုသည်လည်း ဘုရင်တကာတို့၏ ဘုရင်ဖြစ်သဖြင့် ဘုရားသခင်၏ အလိုတော်နှင့်အညီ သခင်ယေရှု၏ နာမအားဖြင့် ဆုတောင်းသောအခါ မည်မျှ တန်ခိုးရှိမည်ဟု ထင်ပါသနည်း။ (အစွမ်းတန်ခိုးရှိသမျှကို ရနိုင်ပါသည်။)

၃. သခင်ယေရှုကို ဤလောကသို့ စေလွှတ်တော်မူသည့်အတွက် ကျေးဇူးတော် ချီးမွမ်းပါ၏ ဘုရား။ ကိုယ်တော်၏ သားသမီးတဦးဖြစ်သော ကျွန်ုပ်ကို သခင်ယေရှု၏ နာမတော်ကို သုံး၍ ဆုတောင်းခွင့် ပေးသနားသည့်အတွက် ကျေးဇူးတင်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်ဘုရား၏ လမ်းပြခြင်းကို အကြွင်းမဲ့ နာခံပါ၏။ ကိုယ်တော်၏ ဘုန်းတော် ထင်ရှားစေရန် ကျွန်ုပ်၏ အသက်တာကို မည်ကဲ့သို့ ဆက်ကပ်ရမည်ကို သွန်သင်တော်မူပါ။ (ခေတ္တ ရပ်နားပါ။) သခင်ယေရှု၏ နာမတော်မြတ်၌ ဆုတောင်းပါ၏။

©2018 The Prayer Covenant for Children/Games provided by GameLife77.com. All rights reserved.

အုပ်စိုးပိုင်သခြင်း

လေ့ကျင့်ခန်း

၁ ဂုဏ်ယူပါတယ်။ သင်သည် ဆုတောင်းချက်၏ နောက်ဆုံးစာကြောင်းဖြစ်သော ပိုင်သအုပ်စိုးတော်မူခြင်း အထိ လေ့လာနိုင်ခဲ့ပါပြီ။ အောက်တွင် ထိုစာကြောင်းကို ချရေးပေးပါ။

၂ အောက်ပါကွက်လပ်များကို ဖြည့်ပါ။

ဖိ ၂:၉ ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သောဘွဲ့နာမကို ပေးသနားတော်မူ၏။

၃ ယနေ့ လေ့လာခဲ့သော ကျမ်းစာအရ ဗာတိမဲကို အဘယ်ကြောင့် သခင်ယေရှုက မျက်စိမြင်စေသည်ဟု ထင်ပါသနည်း။ ဗာတိမဲ၏ ခေါ်သံကို ကြားသည့်နည်းတူ သင့်၏ အသံကို ကိုယ်တော်ကြားမည်ဟု ယုံကြည်ပါသလား။ သင်၏ အသံကို ကြားလျှင် ဗာတိမဲအား ပြန်ဖြေသည့်နည်းတူ သင့်အား ပြန်ဖြေမည်ဟု မျှော်လင့်ပါသလား။ အဖြေမှန်မှာ ကိုယ်တော့်ထံ ယုံကြည်မျှော်လင့်နိုင်ပါသည်။ ကျန်းမာရေး၊ ကြွယ်ဝချမ်းသာရေး၊ မိမိကိုယ်တိုင်နှင့် အခြားသူများအတွက် စသဖြင့် ဘုရားသခင်ထံ တောင်းလျှောက်နိုင်ပါသည်။ ဘုရားသခင်က သင်၏ ဆုတောင်းချက်ကို ကြား၍ နားညောင်းတော်မူပါလိမ့်မည်။

၄ တုံ့ပြန်ရန်အချိန်

ဆုတောင်းချက် ပုံးသေတ္တာတလုံး ပြုလုပ်ပါ။ မည်သည့် ကတ္တူပုံးခွံကို မဆို အသုံးပြုနိုင်ပါသည်။ ထိုပုံးခွံကို ရောင်စုံစက္ကူ၊ ခဲတံများဖြင့် အလှဆင်နိုင်သလို ကျွန်ုပ်၏ ဆုတောင်းသေတ္တာဟု ရိုးရှင်းစွာ ဖော်ပြ၍လည်း ထားနိုင်ပါသည်။ သင်၏ ဆုတောင်းချက်များကို ရေးသား၍ သေတ္တာအတွင်း သိမ်းဆည်းကာ ပြန်လည် အမှတ်ရစေရန် နေ့စဉ် အသုံးပြုနိုင်ပါသည်။ ဘုရားသခင်က သင့်ဆုတောင်းချက်ကို အဖြေပေးသည့်အခါ ထိုဆုတောင်းချက်ပေါ်တွင် ချရေးပြီး မှတ်သားထားရပါမည်။ သင့်ဆုတောင်းသံကို အမြဲတမ်း ကြားသည့်အတွက်၊ အဖြေပေးသည့်အတွက် ဘုရားသခင်ကို ကျေးဇူးတော်ချီးမွမ်းပါ။

အုပ်စုံးပိုင်းသခြင်း

တေးကဗျာ သီဆိုရန်

သခင်ယေရှုသည် နာမတကာတို့ထက် မြတ်သော နာမဖြစ်သည်။

အာမင်၊ အာမင်။

သခင်ယေရှု၏ နာမတော်အားဖြင့် သမ္မာတရားနှင့် တန်ခိုးကို ရသည်။

အာမင်၊ အာမင်။

သခင်ယေရှု၏ နာမတော်အားဖြင့် ကျန်းမာကြံ့ခိုင်ခြင်းကို ရသည်။

အာမင်၊ အာမင်။

သခင်ယေရှု၏ နာမတော်အားဖြင့် မျှော်လင့်ဝမ်းမြောက်ရသည်။

အာမင်၊ အာမင်။

သခင်ယေရှု၏ နာမတော်အားဖြင့် ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်း ရသည်။

အာမင်၊ အာမင်။

သခင်ယေရှု၏ နာမတော်အားဖြင့် ပြည့်စုံသော ချစ်ခြင်းကို ရသည်။

အာမင်၊ အာမင်။

ဦးဆောင်သူက တကြောင်းဆိုပြလိုက်၊ ကလေးများက နောက်တကြောင်း ဆိုလိုက်ဖြင့် လုပ်ဆောင်ရပါမည်။ ထို့နောက် ကလေးများအား မိမိတို့ဘာသာ တေးကဗျာတပုဒ် စပ်ဆိုကြည့်ရန် တိုက်တွန်းပါ။ သူတို့ အကြံပြုသမျှကို သင်ပုန်းပေါ်တွင် ချရေးပေးပါ။ သူတို့ ကိုယ်တိုင် စပ်ဆိုထားသော သီချင်းကဗျာကြောင့် ကလေးများ မည်မျှ တတ်ကြွလာသည်ကို ကြည့်ရှုလိုက်ပါ။

ကျွန်ုပ်၏ ဆုတောင်းပဋ္ဌာန်းညဥ် မှတ်တမ်း

အမည်	ရက်စွဲ



©2018 The Prayer Covenant for Children. All rights reserved.

©2018 The Prayer Covenant for Children. All rights reserved.

ကရုဏာတော်

©2018 The Prayer Covenant for Children. All rights reserved.



©2018 The Prayer Covenant for Children. All rights reserved.

©2018 The Prayer Covenant for Children. All rights reserved.



©2018 The Prayer Covenant for Children. All rights reserved.

©2018 The Prayer Covenant for Children. All rights reserved.



©2018 The Prayer Covenant for Children. All rights reserved.

©2018 The Prayer Covenant for Children. All rights reserved.

©2018 The Prayer Covenant for Children. All rights reserved.

ဖန်ဆင်းခြင်းမှ ခရစ်တော်ထိ လက်အမူအရာများ

ဤလက်အမူအရာများကို အသုံးပြုပြီး ကလေးများအား ဧဝံဂေလိ သတင်းစကားကို ရိုးရှင်းလွယ်ကူစွာ မျှဝေပေးနိုင်ပါသည်။ အောက်ပါရုပ်ပုံများကို ကြည့်ရှု၍ သူငယ်ချင်းများ၊ မိသားစုဝင်များနှင့် အတူတကွ လုပ်ဆောင်ရသည်မှာ မည်မျှ လွယ်ကူသည်ကို တွေ့ရပါလိမ့်မည်။ တပည့်တော်ဖြစ်ခြင်းနှင့် ပတ်သက်သည့် ဆုတောင်းချက်အတွက် ဤနည်းလမ်းသည် အလွန် အသုံးတည့်ပါသည်။



၁. အစအဦး၌ ဘုရားသခင်သည် ကမ္ဘာကြီးကို ဖန်ဆင်းခဲ့ပါသည်။



၂. ကမ္ဘာကြီးထဲသို့ အပြစ်တရား ဝင်လာပြီး ပျက်စီးလာပါသည်။



၃. အပြစ်တရား၏ အခကား သေခြင်း ဖြစ်ပါသည်။



၄. ဘုရားသခင်၏ သားတော် ယေရှုခရစ်က အပြစ်ကြွေးကို ဆပ်ပေးပါသည်။



၅. သခင်ယေရှုသည်သာ အပြစ်ကင်းစင်သောသူ ဖြစ်ပါသည်။



၆. သခင်ယေရှု အသေခံတော်မူသည်။



၇. သခင်ယေရှုအား သင်္ဂြိုဟ်ကြပါသည်။



၈. သခင်ယေရှုသည် သေခြင်းမှ ထမြောက်တော်မူသည်။



၉. သင့်အပြစ်အတွက် သခင်ယေရှု အသေခံတော်မူခြင်း ဖြစ်သည်။



၁၀. သခင်ယေရှုက ထာဝရအသက် လက်ဆောင်ကို သင့်အား ပေးပါသည်။



၁၁. ထိုလက်ဆောင်ကို သင် နှစ်သက်ပါသလား။



၁၂. သခင်ယေရှုကို မိမိ၏ ကယ်တင်ရှင်အဖြစ် ယုံကြည်ခြင်းဖြင့် လက်ခံပါ။



၁၃. ဤသတင်းကောင်းကို လူတိုင်းအား မျှဝေပေးပါ။

©2018 The Prayer Covenant for Children/Creation to Christ Hand Motions provided by GameLife77.com and line drawings provided by One Hope. All rights reserved

The PRAYER COVENANT For Children!

ကလေးများအတွက် ဆုတောင်းပဋိညာဉ်တွင် ထပ်မံလေ့လာရန်

စာအုပ်များ၊ လက်ကမ်းစာစောင်များ၊ ဆုတောင်းကဒ်ပြားများ၊ ရောင်စုံခြယ် စာအုပ်များနှင့် အခြား ရုပ်သံ၊ ဗီဒီယို သင်ထောက်ကူမျိုးစုံကို အွန်လိုင်းတွင် ကြည့်ရှုရယူနိုင်ပါသည်။



theprayercovenant.org/children

ရှုပါရုံ ဤလောကကြီးအား ကိုယ်တော် အုပ်စိုးသည်ကို မြင်တွေ့လာစေရန်

ရည်မှန်းချက် ဆုတောင်းခြင်းပဋိညာဉ်၏ အရှိန်တန်ခိုးအားဖြင့် ကလေးလူငယ် လူရွယ်များ သခင်ယေရှု၏ နောက်တော်သို့ လိုက်စေဖို့ ဦးတည်ပေးရန်

ယနေ့ပဲ ပါဝင်ရန် သတင်းအချက်အလက်များ ပိုမို ရယူရန် theprayercovenant.org/children တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။